ကြေးမုံ
The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 4 November 2022 ၁၀၉၀၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

## "မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"အား တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့်ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်း၊ ဥယျာဉ်တော်တည်ဆောက်ခြင်းနှင့် ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများကို ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်း၊ ပင့်တင်ခြင်းနှင့် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်းများ ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသော အဆောက်အအုံပုံစံငယ်များကို ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

## ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

စာမျက်နှာ » ၈

## ဝေဘာဂီအထူးကုဆေးရုံကြီး အဆင့်မီ ဆေးကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ



စာမျက်နှာ » ၉

ကြေးမုံ

# စိုက်ပျိုးစီးပွားပြည်ထွန်းကား အကျိုးတူလယ်ယာဖော်ဆောင်

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားထားသည်။ ယခုအခါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အကျိုးတူလယ်ယာကန်ထရိုက်စနစ် (Contract Farming) ကို အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါအကျိုးတူလယ်ယာကန်ထရိုက်စနစ်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြဖြစ်အောင် အကောင်အထည်ဖော်ရာ၌ ထိရောက်ဖြစ်ထွန်းလာမည့်စီမံကိန်းဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး နိုင်ငံသားအများစုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ရှေးအစဉ်အဆက်အသက်မွေးဝမ်းကျောင်းပြုလာကြသည်။ စိုက်ပျိုးရေးကိုအခြေခံ၍ ကုန်ထုတ်စီးပွားတိုးတက်အောင် ဆောင်ရွက်ကြရာ၌ တောင်သူများ၊ ဆက်စပ်စီးပွားလုပ်ကိုင်သူများနှင့် နိုင်ငံတော်အတွက် ပုံမှန်အကျိုးစီးပွားဖြစ်ထွန်းခဲ့သည်။ လယ်ယာစီးပွားကို တောင်သူများ၏ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မှုအတိုင်းအတာအလိုက် စိုက်ပျိုးထုတ်လုပ်ခဲ့ကြရာ အကျိုးစီးပွားအနည်းအများရှိခဲ့သည်။ လယ်ယာစီးပွားကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။

မြန်မာနိုင်ငံတွင် မြေသယံဇာတ၊ ရေသယံဇာတ၊ လူသားအရင်းအမြစ်များ ပေါများကြွယ်ဝသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်တကျ အကောင်အထည်ဖော်နိုင်လျှင် စိုက်ပျိုးရေးကိုအခြေခံပြီး ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်လာနိုင်သည်။ လူသားအရင်းအမြစ်ဆိုရာ၌ အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များရှိမှသာ အရည်အသွေးပြည့်ဝသည့် လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းမြင့်မားသော လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိသဖြင့် ပေါ်ထွက်လာသော လူသားအရင်းအမြစ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူများတွင် အသက် (၂၄) နှစ်အထက် အလုပ်လုပ်နိုင်သော လူဦးရေသည် သန်း ၃၀ ခန့်ရှိသဖြင့် လူတစ်ဦးလျှင် တစ်ဧကလုပ်ကိုင်ဆောင်ရွက်နိုင်သည့်သဘောရှိသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ကျေးလက်ဒေသများတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သမျှတွင် လူသားအရင်းအမြစ်များကို စနစ်တကျအသုံးချနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ စသည့်သွင်းအားစုများကို အခက်အခဲကြားမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် စိုက်ပျိုးရေးနည်းပညာ၊ ရောင်းဝယ်ဖောက်ကားမှုများပါ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အကျိုးတူလယ်ယာစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတော်က လမ်းညွှန်ထားသည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် နွေစပါးဧက ၈ ဒသမ ၅ သိန်း၊ ဆောင်းပဲတီစိမ်းဧက ငါးသိန်း စိုက်ပျိုးထုတ်လုပ်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါစနစ်သည် တောင်သူများလက်ဝယ်သို့ လိုအပ်သည့်သွင်းအားစုများ တိုက်ရိုက်ရောက်ရှိပြီး ထွက်ကုန်များအတွက် ဈေးကွက်နှင့် ဝင်ငွေ ခိုင်မာစွာရရှိစေမည့် အကျိုးတူလယ်ယာစနစ်ဖြစ်သည်။

အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းအတွက် အသုံးပြုမည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို လက်တွေ့အကောင်အထည်ဖော်ပြီး အကျိုးရှိထိရောက်စွာ သုံးစွဲသွားရန်လိုအပ်သည်။ လယ်ယာကဏ္ဍတွင် သွင်းအားစုများကို အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ခြင်းဖြင့် သီးထပ်စွမ်းအားနှင့် သီးနှံအထွက်နှုန်းတိုးတက်လာပြီး ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာကာ ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ အကျိုးတူလယ်ယာစနစ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်နိုင်သဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သော စီမံကိန်းများကို စံပြစီမံကိန်းအဖြစ်ပေါ်ထွက်လာအောင် လက်တွေ့လုပ်ကိုင်ပြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ပြီး တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွားများ တိုးတက်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဆရာတော်၊သံဃာတော်၊သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲ ဆက်ကပ်လှူဒါန်း

ဘားအံ နိုဝင်ဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိရာ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ကော့ကရိတ်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့အား သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ ထိန်ထိန်ဝင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဝံသပါလကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဓမ္မဓရဝါဆိုကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ပင်လယ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ကမာကဆစ်အနောက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ စွန်းလွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၆၃၅ | ၅,၇၇၉,၅၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၀၀ | ၇,၄၉၅ | ၂၅,၀၅၂,၅၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၉၇ | ၇၄၆,၉၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁၁ | ၂၁၄,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၈၀၀ | ၂,၁၆၀,၀၀၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၃၅၀ | ၁,၇၈၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၆.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၂၉၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၂.၆၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၂၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၂.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၇.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၆.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာတော်များကို ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒများ ခံယူပြီး အဆင့်ဆင့်စိစစ်၍ စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရေးထိုးပူဇော်လျက်ရှိသည့် အခြေအနေများနှင့် အလှူငွေကောက်ခံရရှိမှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ ပတ်ဝန်းကျင်စိမ်းလန်းသာယာမှု ဆောင်ရွက်ရေးနှင့် လုပ်ဆောင်ရန် ကိစ္စရပ်များ စနစ်တကျ တွက်ချက်ဆောင်ရွက်ရန် အသေးစိတ်မှာ ကြားသည်။

## ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိမှု၊ ပိဋကတ်ကျမ်းစာတော်များ ရေးထိုးပူဇော်နေမှုနှင့် ကျောက်စာရုံများ တည်ဆောက်နေမှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ ဆက်လက်၍ ခင်းကျင်းပြသထားသော အဆောက်အအုံပုံစံငယ်များနှင့် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်ကျမ်းစာအုပ်နမူနာများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျောက်စာရုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှုနှင့် မုစလိန္ဒာအိုင် တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်ကျမ်းစာအုပ်နမူနာများကို ကြည့်ရှုစဉ်။

**"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်**

## ရည်ရွယ်ချက် ၄ ရပ်

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည် အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု ဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစဉ်။

✰ စာမျက်နှာ ၃ မှ

အပြစ်အနာအဆာရှိမှုများအား သိရှိနိုင်ရန် X-Ray ရိုက်စမ်းသပ်စစ်ဆေး၍ ဉာဏ်တော်နှင့် ပလ္လင်တော်များ ထုဆစ်ရရှိနိုင်မည့် အခြေအနေများကို လေ့လာတွက်ချက်ခဲ့ပြီး စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းအထိ ရေလမ်းကြောင်းဖြင့် လည်းကောင်း၊ ထိုမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကာ နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့် နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့်နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပနိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနဗိမာန်တော်ကြီး အပါအဝင် အခြားသောသာသနိက အဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ဆရာတော်ကြီးများ၏ သြဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာပိဋကတ်သုံးပုံအဋ္ဌကထာဋီကာ ကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်လျက်ရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ယခုတည်ထားကိုးကွယ်လျက်ရှိသည့် **“မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး”** အား တည်ထားကိုးကွယ်ပြီးစီးပါက **မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီး** ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျောက်စာရုံများတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြစဉ်။

# သာစည်မြို့၌ အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ကျင်းပ

**သာစည် နိုဝင်ဘာ ၃**



သာစည်မြို့နယ် အတွင်းရှိ ပြည်သူများအား အောက်ဆီဂျင်လုံလောက်စွာ ရရှိနိုင်ရေးအတွက် ရည်ရွယ်၍ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ထားရှိရာ စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ်(၁) မင်းရန်နိုင်ရပ်ကွက်ရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်စက်ရုံဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာစည်မြို့နယ်အနေဖြင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ခြင်းသည် တက်ညီလက်ညီ ညီညွတ်မှုများကြောင့် ဖြစ်ပါကြောင်း၊ ညီညွတ်မှုသည် အင်အားဖြစ်ပါကြောင်း၊ ဆရာတော်နှင့် မြို့မိမြို့ဖများက ဝိုင်းဝန်း၍ ယခုကဲ့သို့ လုပ်ဆောင်သည့်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း သာစည်မြို့နယ် မိဘပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း၊ အောက်ဆီဂျင်စက်ရုံဖွင့်လှစ်နိုင်ရေးအတွက် သာစည်မြို့နယ်၏ စေတနာရှင်အလှူရှင်များက ငွေကျပ်သိန်း ၁၆၀၀ အထိ ပါဝင်လှူဒါန်းထားကြောင်း သိရသည့်အတွက် သာဓုခေါ်ဆိုရင်း မုဒိတာပွားများရကြောင်းနှင့် မြို့နယ်အောက်ဆီဂျင် စက်ရုံ ရေရှည်တည်တံ့၍ မြို့နယ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဟူသမျှကို ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် စက်ရုံကြီးကိုလည်း အစဉ်တစိုက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် စက်ရုံမြေနေရာ အလှူရှင်ကြာကန်ကျောင်းတိုက် ဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းပြီး အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာအား လက်ခံရယူကာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင် ဦးစိုးဝင်းအောင်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါစက်ရုံမှ တစ်နာရီလျှင် အောက်ဆီဂျင် လီတာ ၄၀ ဝင်အိုးငါးလုံး ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ်(၁၁) ထုတ်ဝေ

**နေပြည်တော် နိုဝင်ဘာ ၃**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ပြန်ဆိုပြီးသည့်ဥပဒေများကို စာအုပ်ထုတ်ဝေခဲ့ရာ ဘာသာပြန် စာအုပ်အမှတ်(၁၁)သို့ ရောက်ရှိပြီးဖြစ်သည်။ ဘာသာပြန်စာအုပ်အမှတ်(၁၁)သည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက် ဥပဒေ(The Guardians and Wards Act) မြန်မာဘာသာပြန်ဆိုချက်စာအုပ်ဖြစ်သည်။

**အင်္ဂလိပ်/မြန်မာနှစ်ဘာသာ**

အဆိုပါစာအုပ်တွင် မူလစာမူဖြစ်သည့် The Guardians and Wards Act နှင့် ဥပဒေဘာသာပြန်ကော်မရှင်၏ မြန်မာဘာသာပြန်ဆိုချက်ဖြစ်သည့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေတို့ကို အင်္ဂလိပ်/ မြန်မာ နှစ်ဘာသာဖြင့် လေ့လာဖတ်ရှုနိုင်စေရန် ဖော်ပြထားပြီး ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၂(က)အရ ဥပဒေဘာသာပြန်ကော်မရှင်၏ မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေသည် မူလစာမူနှင့်အလားတူ အာဏာတည်သည့်အတွက် တရားဝင် ကိုးကားနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေ



၈ လပိုင်း ၂၀၂၂ တွင် ကျောက်စာစေတီတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု။



၁၁ လပိုင်း ၂၀၂၂ တွင် ကျောက်စာစေတီတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု။



၈ လပိုင်း ၂၀၂၂ တွင် ကျောင်းဆောင်တော် ဆောင်ရွက်ပြီးစီးမှု။



၁၁ လပိုင်း ၂၀၂၂ တွင် ကျောင်းဆောင်တော် ဆောင်ရွက်ပြီးစီးမှု။



၈ လပိုင်း ၂၀၂၂ တွင် မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား ဆောင်ရွက်ပြီးစီးမှု။



၁၁ လပိုင်း ၂၀၂၂ တွင် မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား ဆောင်ရွက်ပြီးစီးမှု။



၈ လပိုင်း ၂၀၂၂ တွင် ရင်ပြင်တော်ရှိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု။



၁၁ လပိုင်း ၂၀၂၂ တွင် ရင်ပြင်တော်ရှိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု။




၅-၈-၂၀၂၂ ရက်တွင် ရုပ်ပွားတော်ကြီး ဆောင်ရွက်ပြီးစီးမှု။




၂၈-၁၀-၂၀၂၂ ရက်တွင် ရုပ်ပွားတော်ကြီး ဆောင်ရွက်ပြီးစီးမှု။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမအကြိမ် (၁၂)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမအကြိမ် (၁၂)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ကြွရောက်ချီးမြှင့်

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဒေသခံဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တို့က ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်း တိုက် ပဓာနနာယက ဆရာတော်ကြီး ထံ ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂဏဝါစက စာချဆရာတော်များဖြစ်ကြသည့် အရှင်ဝါယမနှင့် အရှင်ဇဝနတို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

ဆက်လက်၍ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

### နေ့ဆွမ်းဆက်ကပ်

ထို့နောက် အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမအကြိမ် (၁၂)ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁၇၁၃ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စိစစ်တင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်အတွက် ထူးကဲစွာအကျိုးဆောင်သူများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များ ထမ်းဆောင်ရာတွင် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အသက်ခန္ဓာစွန့်လွှတ်ပြီး ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ၁၂ မျိုး ချီးမြှင့်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်တင်ပြပေးရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ တည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံမှ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ နိုင်ငံ့ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ကျွမ်းကျင်သူ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ၁၂ မျိုး ချီးမြှင့်မည်ဖြစ်ကြောင်း၊ ထိုသို့ချီးမြှင့်ရာတွင် ချီးမြှင့်အပ်နှင်းနိုင်ရေး “ပဏာမစိစစ်ရေးအဖွဲ့များ” နှင့် “စိစစ်ရေးအဖွဲ့”တို့က အဆင့်ဆင့်စိစစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့နှင့် ၎င်းနေ့မတိုင်မီ နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာ ထုတ်ပြန်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**ဂုဏ်ပြုချီးမြှင့်ထိုက်သူ**

နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသော ဂုဏ်ပြုချီးမြှင့်ထိုက်သူ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်နိုင်ရေးအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တာဝန် ထမ်းဆောင်ရင်း ထိခိုက်/ဒဏ်ရာရ၊ သေဆုံး/ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၊ မိမိ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ၁၂ မျိုး ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၄ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်တို့နှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် ပဏာမစိစစ်ရေးအဖွဲ့အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ထပ်မံစိစစ်ပြီး စိစစ်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုခြင်းနှင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းတို့ကို မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံကို အဘက်ဘက်မှ ရန်လိုဖိအားပေးလုပ်နေသည့်ကာလအတွင်း နိုင်ငံ၏တာဝန်များကို ကျရာကဏ္ဍများမှ ထူးကဲစွာ အသက်ပေးဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မကျန်ရှိစေရန်လည်း စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ပထမအကြိမ်အဖြစ် စည်သူဘွဲ့ တစ်ဦး၊ သီရိပျံချီဘွဲ့ ကိုးဦး၊ ဇေယျကျော်ထင်ဘွဲ့ ငါးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၄၅ ဦး အပါအဝင် စုစုပေါင်း ၈၈၀ ကို ချီးမြှင့်ရန် သတ်မှတ်ထားကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်တွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ စွမ်းရည်သတ္တိဆိုင်ရာများကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ သုံးဦး၊ သတိုးသီရိသုဓမ္မဘွဲ့ နှစ်ဦး၊ အဂ္ဂမဟာသရေစည်သူဘွဲ့ ငါးဦး၊ သတိုးမဟာသရေစည်သူဘွဲ့ ငါးဦး အပါအဝင် စုစုပေါင်း ၁၄၆ ဦးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ချီးမြှင့်နိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ယခုထပ်မံ၍ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူ၊ မြှောက်စားသင့် မြှောက်စားထိုက်သူများမှ ကျန်ရှိသူများကို ထပ်မံစိစစ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏အရည်အချင်းသည် သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခံရခြင်းမျိုးဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိစစ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း ထိခိုက်/ဒဏ်ရာရ၊ သေဆုံး/ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၊ မိမိ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်**

☆ **နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုခြင်းနှင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းတို့ကို မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံကို အဘက်ဘက်မှ ရန်လိုဖိအားပေးလုပ်နေသည့်ကာလအတွင်း နိုင်ငံ၏တာဝန်များကို ကျရာကဏ္ဍများမှ ထူးကဲစွာ အသက်ပေးဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မကျန်ရှိစေရန်လည်း စိစစ်ဆောင်ရွက်သွားကြရမည်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၃**

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှထွက်ခွာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ခွဲစိတ်ရောဂါများ ရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ တပ်မတော်မှ အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အကောင်းဆုံး ဂိုးသမားဆုရ မောင်သူရဇော် (တနင်္သာရီတိုင်းဒေသကြီးအသင်း) ကို လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အကောင်းဆုံးနောက်တန်းကစားသမားဆုရ မောင်မင်းထက်ဇော် (ကချင်ပြည်နယ်အသင်း) နှင့် အကောင်းဆုံးအလယ်တန်းကစားသမားဆုရ မောင်အောင်ခန့်ဖြိုး ( ရန်ကုန်တိုင်းဒေသကြီးအသင်း)ကို လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက အကောင်းဆုံးရှေ့တန်းကစားသမားဆုရ မောင်ဝင်းပြည့်မောင် ( မကွေးတိုင်းဒေသကြီးအသင်း) ကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဖြိုးသန့်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ မောင်ဆက်ပိုင်ထွန်း (မကွေးတိုင်းဒေသကြီးအသင်း) ကို လည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က စတုတ္ထဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းက တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာဘောလုံးအားကစားလောက အဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်းမှ အားကစားသမားစုစုပေါင်း ၂၉၇ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက အစွမ်းကုန်အားထုတ်ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြပေးစေလိုကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြောကြားသည်။



**ပြောကြားခဲ့ခြင်းဖြစ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးထပ်စိုက်ပျိုးနိုင်ရေး၊ မွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပစဉ်နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေ၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးထပ်စိုက်ပျိုးနိုင်ရေး၊ မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ရောင်းချနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ထို့ပြင် အစိုးရဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများ အဆင့်မြင့်ပညာသင်ကြားနိုင်ရန်အတွက် Naypyitaw State Academy (NSA) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အစိုးရဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၏ သား သမီးများ Naypyitaw State Academy (NSA) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ နေပြည်တော်သည် ပညာရေးမြို့တော်ဖြစ်စေရေးနှင့် ပညာရေးကဏ္ဍများကို ဘက်စုံစံပြဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က Naypyitaw State Academy (NSA)တက္ကသိုလ်တွင် အစိုးရဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများ တက်ရောက်ပညာသင်ကြားနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Naypyitaw State Academy (NSA)တက္ကသိုလ်တွင် ကျောင်းအပ်လက်ခံဆောင်ရွက်နေမှု၊ ပညာသင်ကြားမည့်အခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေဘာဂီအထူးကုဆေးရုံကြီး အဆင့်မီ ဆေးကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ အလှူရှင် AW Foundation မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**စက်ခလုပ်နှိပ်ဖွင့်လှစ်**

ရှေးဦးစွာ ဆေးကုသဆောင်သစ်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် အလှူရှင် AW Foundation မှ ဥက္ကဋ္ဌ ဦးသောင်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖွင့်ပွဲအထိမ်းအမှတ်ကြေးပြားကမ္ပည်းမော်ကွန်းကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ကုသဆောင်သစ်ကြေးပြားကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး အဆောက်အအုံသစ်အတွင်း မြေညီထပ်ရှိ သီးသန့်ကူးစက်လူနာခန်းများ(Isolation Room)ကိုလည်းကောင်း၊ အောက်ဆီဂျင်စက်ရုံ(Oxygen Plant)၊ 800 KVA Transformer၊ မီးစက်(Standby Genset)၊ ရေသန့်စင်စက် (Water Treatment System)တို့ကိုလည်းကောင်း၊ ကုသဆောင်သစ်ပထမထပ်ရှိ အထူးကြပ်မတ်ကုသခန်းများ၊ ဒုတိယထပ်ရှိ အောက်ဆီဂျင်ပေး၍ ကြီးကြပ်ကုသနိုင်သည့် လူနာခန်းများနှင့် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် ဖွင့်ပွဲအခမ်းအနားမဏ္ဍပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအပြင် ကူးစက်ရောဂါများ၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကျေးလက်မြို့ပြ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေး၊ ပြည်သူများ နိုင်ငံတကာအဆင့်မီ ဆေးဝါးကုသမှုများ ရရှိနိုင်ရေးတို့အတွက် ဦးဆောင်လမ်းညွှန်မှု၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရေးကိုလည်း ဦးတည်ချက်ထားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်းများအတွင်း မြန်မာနိုင်ငံသားများ၏ အသက်ပေါင်းများစွာ အန္တရာယ်ကင်းအောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကုသဆောင်သစ်၌ ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်သည့် အထူးလေဖိအားစနစ် တပ်ဆင်ထားသည့်အခန်းများ၊ လူနာများကို (၂၄)နာရီ စောင့်ကြပ်ကြည့်ရှုနိုင်သည့် စနစ်များပါဝင်သော နိုင်ငံတကာအဆင့်မီကုသခန်းများ၊ ဓာတ်ခွဲခန်းများ ပါဝင်ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးကိုလည်း Infectious Disease Institute အဖြစ် ကုသရေးအပြင် သုတေသနနှင့် သင်ကြားရေးလုပ်ငန်းများပါ ဆောင်ရွက်နိုင်မည့် Center အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တိုးတက် ဆောင်ရွက်နိုင်မည့်အပြင် ရောဂါကူးစက်မှုအခြေအနေများကို လေ့လာ ၍ သုတေသနပြုဆောင်ရွက်ရန် များစွာအထောက်အကူရနိုင်မည်ဖြစ် ပါကြောင်း။

**နေရောင်ခြည်စွမ်းအင်သုံး(Solar)စနစ် ထည့်သွင်းတပ်ဆင်ထား**

နိုင်ငံတော်အကြီးအကဲက **နေရောင်ခြည်စွမ်းအင်သုံး(Solar)စနစ်မှလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၍ အကျိုးရှိစွာ အသုံးချရေးကြိုးစားဆောင်ရွက်သွားရန်** လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံး(Solar) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းစနစ်ကို ထည့်သွင်းတပ်ဆင်ထားသဖြင့် စွမ်းအင်ချွေတာသုံးစွဲရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်နိုင်မည့် ရှေ့ပြေးဆောင်ရွက်ချက်တစ်ခုဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများတွင်လည်း အသုံးပြုနိုင်ရေးအတွက် စီမံချက်များရေးဆွဲပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ပြည်သူလူထုမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူရာ၌ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရန်နှင့် ကုသမှုအရည်အသွေးမြင့်မားလာစေရေး အထောက်အကူဖြစ်စေရန် ခေတ်မီဆေးရုံအဆောက်အအုံများ၊ ခေတ်မီဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ AW Foundation က ဆောက်လုပ်လှူဒါန်းသည့် ဝေဘာဂီအထူးကုဆေးရုံကြီး၏ ကုသဆောင်သစ်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကုသဆောင်သစ် အဆောက်အအုံဖွင့်ပွဲအခမ်းအနားမှသည် ပြည်သူများ အားထားယုံကြည်ရသည့် ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှု အကျိုးရလဒ်ကောင်းများကို အကျိုးရှိရှိအသုံးပြုကာ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားခဲ့သည်။

ဝေဘာဂီအထူးကုဆေးရုံကြီး၏ ကုသဆောင်သစ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးခဲ့ပြီး ငွေကျပ် ၆၂၁၇၇၁၉၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၄၈၄၇၉ အကုန်အကျခံကာ AW Foundation မှ တစ်ဦးတည်းအလှူရှင်အဖြစ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ AW Foundation ဥက္ကဋ္ဌ ဦးသောင်းကြိုင်က Foundation ဖြစ်ပေါ်လာပုံနှင့် အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် AW Foundation ဥက္ကဋ္ဌက အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက် စာတမ်းများ၊ မှတ်တမ်းများကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးထံသို့ လွှဲပြောင်းပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က AW Foundation သို့ အမှတ်တရပန်းခြင်းလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ခုနစ်ထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အတွင်းရေးမှူးက စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်ရေး၊ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းအောင် စီမံဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားပြီး မကြာမီ ဖွင့်လှစ်တော့မည့် ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်သစ် တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန မိသားစုများ၏ တန်ဆောင်တိုင်ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲကျင်းပ




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီးနှင့် ဝန်ထမ်းမိသားစုဝင်များ အဥ္စလီအငြိမ့်ဖျော်ဖြေခန်းကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

နိုင်ငံတော်အစိုး၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှု ရရှိစေရန်ရည်ရွယ်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် တန်ဆောင်တိုင်ကာလနှင့် တိုက်ဆိုင်ကာ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေမည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့၊ အငြိမ့်ပဒေသာတို့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ပါဝင်သီဆိုတင်ဆက်သည့် ဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ဂီတဖျော်ဖြေပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ နိုင်ငံကျော် အဆိုတော် မြန်မာပြည်သိန်းတန်က “ငါသာစော်ဘွားဖြစ်ချင်တယ်”၊ “မေတ္တာရေလှိုင်း အသည်းပြင်ရိုင်း”၊ “ရွှေသုန္ဒရီ”၊ “နှင်းပွင့်သစ္စာ”၊ “စနေထောင့်မှာ ပန်းလှူမယ်” စသည့် တေးသီချင်းများဖြင့် လည်းကောင်း၊ ခေါင်းဆောင်မင်းသမီး မြတ်ဆုချယ်၊ ရွှေထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ လင်းဇော်နိုင်၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့ ပါဝင်သည့် အဥ္စလီအငြိမ့်ဖျော်ဖြေခန်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ရာ ဝန်ထမ်းများ၊ မိသားစုဝင်များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးတွင်လည်း နိုဝင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ အလှည့်ကျ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေစဉ်။



## အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ကြို့ပင်ကောက် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အထက(ပန်းတင်) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစိုးသန်းက ပြောင်းလဲလာသောပညာရေးစနစ်သစ်များ ထိရောက်အောင်မြင်စေရေးအတွက် ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသောကြောင့် ယခုကဲ့သို့အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ စုစုပေါင်း ၁၇၁ ဦး တက်ရောက်ကြပြီး နည်းပြဆရာ ငါးဦးတို့နှင့်အတူ နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထိုရောအခါ

❖ တဘောင်အတိတ်၊ ဆောင်နိမိတ်နှင့်
အောင်ဟိတ်တည်သော်၊ နိုင်ငံတော်ဝယ်
အကျော်ဒေးယျ၊ ဂုဏ်ထည်စွလျှင်
“ဂဇရာဇာ”၊ ဆိုထိုက်စွာတည့်
ရတနာတစ်ခု ရောက်လေပြီ…။
“ရဋ္ဌနန္ဒက” ဘွဲ့မည်ရည်…။
ဆင်ဖြူတော်တစ်စီး ပေါ်ထွန်းတည်…။
❖ ထိုရောအခါ၊ တို့မြန်မာဝယ်
လယ်ယာအပေါင်း၊ မြေဆီကောင်း၌
ဆည်မြောင်းချောင်းကန်၊ ရေမိုးမှန်၍
ဆန်ရေစပါး၊ ပြောင်းနှမ်းများလျှင်
ထွက်အားကောင်းစွ၊ ပေါကြွယ်စွတည့်
ထိုမှဆက်ကာ၊ သာသနာလည်း
ရောင်ဝါရှိန်တောက်၊ ထွန်းလင်းပေါက်၍
ရောက်ရှိမင်္ဂလာ ခင်းခဲ့ပြီ…။
❖ ထိုရောအခါ၊ တို့မြန်မာဝယ်
ကြေညာထက်အောက်၊ အနောက်အရှေ့
မရွေ့ယှက်သန်း၊ ကမ်းရိုးတန်းထိ
ကူးသန်းရောင်းဝယ်၊ အသွယ်သွယ်လျှင်
မကွယ်မဆီး၊ ဖြန့်ကြက်စီးသို့
နည်းလမ်းသစ်သစ်၊ စီးပွားဖြစ်ကာ
ဖွင့်လှစ်စည်ပင် တိုးတော့မည်…။
❖ ထိုရောအခါ၊ တို့မြန်မာဝယ်
မြေလွှာထက်အောက်၊ စိန်ရွှေကျောက်နှင့်
ဂုဏ်တောက်ပတ္တမြား၊ တွင်းထွက်များတို့
ခစားရောက်လာ၊ သို့ပမာလျှင်
ထည်ဝါမြင့်မြတ်၊ ဆင့်ဆင့်ထပ်၍
မပြတ်ကြိမ်ကြိမ်၊ တရှိန်ရှိန်ဖြင့်
သိန်သရေတို့ တိုးဝေစည်…။
❖ ထိုရောအခါ၊ တို့မြန်မာဝယ်
ရောဂါရန်ဘေး၊ ရန်မြူမြေးတို့
အဝေးရောက်စေ၊ ပပျောက်စေလျက်
နှစ်ထွေကိုယ်စိတ်၊ မေတ္တာရိပ်၌
စက်မှိတ်ပျော်ရွှင်၊ ပြည်တစ်ခွင်ဝယ်
ကြည်လင်ချမ်းမြေ့၊ ဆိုးမတွေ့မို့
ထွေးပွေ့ပြုပြဟ္မစိုရ်ခင်းလေပြီ…။
❖ အို…
ရတနာဂဇ၊ ခေါ်တွင်သမည့်
“ရဋ္ဌနန္ဒက”၊ ဘွဲ့မည်လှနှင့်
မြန်မာ့အချစ်တော်၊ ဆင်ဖြူတော်ကြောင့်
ခုသော်နောင်များ၊ ကောင်းကျိုးပွား၍
ပြည်သားပြည်သူ၊ ဗိုလ်ရှင်လူတို့
ပူပင်ကင်းစွ၊ ကြီးပွားကြလျက်
အလှုဂုဏ်များ ရှန်းဝေစည်…။
ပြည့်တန်ခိုးလည်း တိုးတော့မည်…။

မောင်စိမ်းနောင်(လယ်ဝေး)

# ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး ပေးအပ်သောတာဝန်များနှင့် တိုင်းရင်းသားအရေးကိစ္စရပ်များကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရမည်

ဘားအံ နိုဝင်ဘာ ၃

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



## ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားများအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူငယ်များ ပြည်ပအလုပ်အကိုင်များ ရရှိရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

## လေးစားလိုက်နာ

တိုင်းရင်းသားဘာသာသင် (TA/LT) ဆရာဆရာမများ ခန့်ထားရေးနှင့်ပတ်သက်ပြီးလည်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး ပေးအပ်သောတာဝန်များနှင့် တိုင်းရင်းသားအရေးကိစ္စရပ်များကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက အထွေထွေဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစဉ်သွားရောက်

နေပြည်တော် နိုဝင်ဘာ ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနသည် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေးစသည့် လူငယ်ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်းရှိ အထက(၇) နေပြည်တော်၊ အထက(၉) နေပြည်တော်၊ အထက(၁၀) နေပြည်တော်ကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်း(မော်ကွန်းသစ်) ဗွီဒီယိုပြသခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသားလူငယ်များအား အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ကြသည်။



## ကြည့်ရှုအားပေး

ထို့နောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့်ပြခန်း)ကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သော မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားခဲ့မှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

# ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးကောင်းမျိုးသန့်အသုံးပြုမှုဖွံ့ဖြိုးရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းရှင်နှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

ပြည်တွင်း၏ အဓိက စားနပ်ရိက္ခာအဖြစ်သာမက ပြည်ပပို့ကုန်ကဏ္ဍအတွက်လည်း အရေးပါသည့် ဆန်၊ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ရွေးချယ်သုံးစွဲရန် လိုအပ်ချက်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြသည်နှင့်အမျှ စိုက်ပျိုးရာသီအချိန်မီ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖူလုံစွာရရှိရေးကို ဒေသအလိုက် အကျိုးဆောင်တောင်သူများနှင့် မျိုးစေ့ထုတ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုများ တွင်ကျယ်လာလျက်ရှိကြကြောင်း သိရသည်။



## လာရောက်လေ့လာ

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျဉ်လိုကျေးရွာကွင်းအမှတ်(၁၆၃)တွင် GWT မျိုးစေ့ထုတ်စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်က တစ်ကွင်းတစ်ဆက်တည်း ဧက ၈၅၀ စိုက်ပျိုးထားသည့် GW–11 အထွက်ကောင်း မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းကို ယမန်နေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ ဆန်စက်လုပ်ငန်းရှင်နှင့် တောင်သူလယ်သမား ၃၇ ဦးတို့ လာရောက်လေ့လာခဲ့ကြရာ GWT မျိုးစေ့ထုတ်စိုက်ပျိုးရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတင်မောင်က မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် GW–11 အထွက်ကောင်းမျိုးစပါး၏ အရည်အသွေး ထူးခြားချက်များကို ရှင်းလင်းပြသသည်။

ထို့ပြင် GWT ဥက္ကဋ္ဌက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရာတွင် ရာသီဥတုဒဏ်၊ ရောဂါဒဏ်ခံနိုင်မှု၊ အပင်အရပ်ညီညာမှု၊ ပင်ပွားနှင့် တစ်နှံပါအောင်စေ့တို့က အထွက်နှုန်းအပေါ် သက်ရောက်မှုရှိသကဲ့သို့ ပြည့်ဝသောဆန်အရည်အသွေးဖြစ်ရန်နှင့် ဈေးကွက်အကြိုက်၊ စားသုံးသူအကြိုက်ဖြစ်ရန်လိုကြောင်း၊ အခြားတစ်ဖက်တွင်လည်း လက်ကားဈေးကွက်ဝင်နိုင်ရန်နှင့် ဈေးကွက်သေချာမှုရှိစေရန် သက်ဆိုင်သူအားလုံး အချိတ်အဆက်မိမိဆောင်ရွက်နိုင်မှသာ တောင်သူများအတွက် အကျိုးအမြတ်သေချာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သွင်းအားစုစရိတ်များ ကြီးမြင့်နေသော်လည်း သီးနှံဈေးနှုန်းများမှာလည်း အထိုက်အလျောက် တိုးတက်ရရှိနေသည့်အတွက် သွင်းအားစုလျှော့ချသုံးစွဲပြီး အထွက်နှုန်းတိုးအောင် ကြိုးပမ်းနေကြကြောင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ကို မိမိတို့ဒေသရှိ အခြားတောင်သူများပါ ဖူဖူလုံလုံသုံးစွဲနိုင်အောင် ကြိုးပမ်းသွားမှာဖြစ်ကြောင်း လေ့လာရေးအဖွဲ့ဝင်တောင်သူတစ်ဦးက ပြောကြားသည်။

သတင်းစဉ်

# ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူနိုင်ရေး အသိပညာပေး

ကျိုက်မရော နိုဝင်ဘာ ၃

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူနိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ဦးမောင်မြင့်၏ငါးကန်၌ ပြုလုပ်သည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းဇော်က ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ လယ်ယာမြေ၊ မြေလွတ်၊ မြေလတ်၊ မြေရိုင်းများအား အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုနှင့်ပတ်သက်၍ တင်ပြရမည့်အချက်များနှင့် ဒုတိယဦးစီးမှူးဒေါ်စုစုကြည်က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်၌ လိုက်နာရမည့်အချက်များ ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ငါးမွေးမြူရေးလုပ်သား ၁၆ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၄ လမ်းရှိ နေအိမ်တစ်အိမ်ကို ချိပ်ပိတ်ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




နေပြည်တော် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၄ လမ်းရှိ နေအိမ်တစ်အိမ်ကို ချိပ်ပိတ်ခဲ့ကြောင်းနှင့် အဆိုပါချိပ်ပိတ်ခဲ့သည့် နေအိမ်သည် ခရစ်ယာန်မိဘမဲ့ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် နေရာတစ်ခု ဖြစ်သည်ဟု အချို့သတင်းဌာနများတွင် ဖော်ပြနေသည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အောက်ပါအတိုင်း ဖြေကြားထားသည်။

"ကျွန်တော်တို့မနေ့က ည ၈ နာရီလောက်မှာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စလုံးရပ်ကွက် ၅၄(ဘီ)လမ်း ၁၂၅/၁၂၆ လမ်းကြားမှာရှိတဲ့ နေအိမ်တစ်အိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ သတင်းအရ ချိပ်ပိတ် စစ်ဆေးခဲ့ရတာ ရှိပါတယ်။ တချို့မီဒီယာတွေမှာ၊ တချို့က လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဖော်ပြနေတာ တွေ့ရတယ်။ အဲဒါ ခရစ်ယာန်မိဘမဲ့ကလေးကျောင်းဖြစ်တယ်ဆိုပြီးတော့ ဖော်ပြနေတာဖြစ်ပါတယ်။ အဲဒီသတင်းကတော့အမှားပါ။ မဟုတ်ပါဘူး။ နေအိမ်ပဲဖြစ်ပါတယ်။ နေအိမ်ပိုင်ရှင်ရှိတယ်။ အဲဒီနေအိမ်ပိုင်ရှင်ကနေမှ အခုအိမ်ငှားထားထားတာရှိတယ်။ ဦးခင်မောင်အေး၊ ဒေါ်မေရီတို့က ဒီအိမ်ကိုငှားထားတယ်ဆိုတာ သိရပါတယ်။အိမ်ကို ချိပ်ပိတ်ရတဲ့ အကြောင်းရင်းကတော့ မနှစ်က ၂၀၂၁ ခုနှစ် ဇွန် ၂၀ ရက် ပတ်ဝန်းကျင်လောက်က ကျွန်တော်တို့လည်း သတင်းထုတ်ပြန်ပြီးဖြစ်တယ်။ သပိတ်ကျင်းဘက်မှာ မန္တလေးက PDF အဖွဲ့ ဝေယံလင်း (ခေါ်) ထွန်းတောက်နိုင်ရဲ့အဖွဲ့ကို ကျွန်တော်တို့မိခဲ့တယ်။ လက်နက်တွေ အမြောက်အမြားနဲ့ ကားပေါ်မှာမိခဲ့တာရှိတယ်။ သူရဲ့ပြောချက်အရ သူတို့နဲ့ မန္တလေးတိုင်းဒေသကြီးထဲမှာရှိတဲ့ အကြမ်းဖက် PDF အဖွဲ့နဲ့ တချို့သော KIA အဖွဲ့ ပူးပေါင်းပြီးတော့ မန္တလေးမြို့ပေါ်မှာ အကြမ်းဖက် သင်တန်းတွေပေးဖို့၊ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတွေပေးဖို့အတွက် သူတို့အိမ်လေးလုံးငှားခဲ့တယ်။ ဒီအိမ်လေးလုံးကိုလည်း ကျွန်တော်တို့ သတင်းထုတ်ပြန်ပြီးဖြစ်တယ်။ အခုကျွန်တော်တို့ ချိပ်ပိတ်လိုက်တဲ့အိမ်က အဲဒီအိမ်လေးလုံးထဲမှာပါတဲ့ အိမ်တစ်အိမ်ဖြစ်တယ်။ အဲဒီမှာတော့ အခြေပြုနေထိုင်တဲ့ဟာမျိုးတော့ မတွေ့ခဲ့ရဘူး"။

"အခုနောက်ပိုင်းမှာ ဒီအိမ်မှာအိမ်ငှားတွေနေပြီး ကျွန်တော်တို့ အခုချိပ်ပိတ်စစ်ဆေးတဲ့အခါမှာ ကလေးဆယ်ယောက်တွေ့ရတယ်။ သူတို့ အိမ်ငှားတွေကိုမေးမြန်းချက်ထဲမှာ ဒါဟာမိဘမဲ့ကလေးတွေလို့ သူတို့ကပြောတယ်။ ကျွန်တော်တို့ စစ်ဆေးနေဆဲပဲရှိသေးတယ်။ ဒီမသင်္ကာဖွယ် သတင်းရလို့စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ ဒီလိုတွေ့ရတယ်။ အဲဒီမှာ မိဘမဲ့ကလေးဂေဟာဖွင့်တယ်တို့၊ မိဘမဲ့ကလေးကျောင်းဖွင့်တယ် တို့ဆိုတဲ့ တရားဝင်မှတ်ပုံတင်ထားတာမျိုးမရှိဘူး။ သူတို့ အစီအစဉ်နဲ့သူတို့လုပ်နေတဲ့ပုံစံမျိုးကို တွေ့ရတယ်။ ပြီးရင် တချို့သောလူမှုကွန်ရက်စာမျက်နှာတွေမှာ အဲဒီအိမ်မှာ ဆေးကုပေးနေတယ်တို့ ဘာတို့လည်း ကျွန်တော်တို့ သတင်းကြားရတာမျိုးရှိတယ်။ ပြည်သူလူထုကိုဆေးကုပေးနေတယ်ဆိုတဲ့ အမည်ခံမျိုးလည်း ကျွန်တော်တို့တွေ့ထားတာဖြစ်တယ်။ သို့သော် ပြည်သူလူထုကို ဆေးကုပေးနေတဲ့ ပုံစံမျိုးလည်းမရှိပါဘူး။ သို့သော် အကြမ်းဖက်အဖွဲ့တွေကို အဆက်အသွယ်တွေနဲ့ဆေးကုပေးနေတဲ့ပုံစံမျိုးတော့ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါတွေကိုတော့ ကျွန်တော်တို့စစ်ဆေးဆဲပဲဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ စုံစမ်းစစ်ဆေးမှုတွေ ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်လျက်ပဲရှိသေးတယ်။ ဒီထွန်းတောက်နိုင်တို့အဖွဲ့နဲ့ ဆက်စပ်ပြီးတော့ လုပ်ခဲ့တဲ့ အိမ်လည်းဖြစ်နေတယ်။ နောက်ထပ် မသင်္ကာစရာလည်း ရှိတဲ့အတွက်ကြောင့် ဒါကြောင့်မို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သူတို့ သတင်းလွှင့်နေတဲ့ ခရစ်ယာန် မိဘမဲ့ကလေးကျောင်းတို့ ဘာတို့ဆိုတာ မဟုတ်ပါဘူး"။

"ဒါသည်ချိပ်ပိတ်လိုက်သည့်အခါမှ လူမှုရေးအရရယ်၊ ဘာသာရေးအရရယ် နည်းနည်းလေး သတင်းပွလာအောင် လုပ်ဆောင်နေတဲ့ အနေအထားမျိုးဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီကလေးတွေနဲ့ ပတ်သက်ပြီး မိဘမဲ့ကလေးတွေ ဟုတ်၊ မဟုတ်။ ဟုတ်ခဲ့ရင်လည်း ကျွန်တော်တို့က တရားဝင်မိဘမဲ့ဂေဟာကိုပို့နိုင်ဖို့ တရားဝင်အစိုးရက ဖွင့်လှစ်ထားတဲ့ လူမှုကူညီကယ်ဆယ်ရေး စတဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ပြည်သူလူထုကို ပြောချင်တာကတော့ ဒီPDF အကြမ်းဖက်အဖွဲ့ကို အထောက်အပံ့ပေးနေတဲ့ အဖွဲ့တွေအနေနဲ့ တစ်ခုခု အရေးယူတာတို့၊ သတင်းတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်တာမျိုးရှိရင် ပြည်သူလူထုကို အထင်မှား အမြင်မှားအောင် လူမှုရေးအရ၊ ဘာသာရေးအရ အထင်မှား အမြင်မှားအောင် သူတို့ဘက်က ကာဘာယူပြီး ဆောင်ရွက်နေတာမျိုးကို တွေ့ရတယ်လို့ပဲ ကျွန်တော်ပြောချင်ပါတယ်"။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အေးသာယာရပ်ကွက်နေ မိုးသွင်သာ (ခ)ခန့်ကိုကိုသည် ၎င်းအသုံးပြု သည့် "Khant Ko Ko" Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ် (၁၂)ရပ်ကွက်နေ မာမာဖြိုးသည် ၎င်းအသုံးပြုသည့် "May Myat Noe Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် တစ်ဦး ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၃

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ် လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ရေတာရှည်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရေတာရှည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးကိုဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမေရိကန်နိုင်ငံ၌ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါခံစားရသည့်ကလေးငယ်ပေါင်း ၂၅၀၀၀ နီးပါးစစ်ဆေးတွေ့ရှိ



ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၂၅၀၀၀ နီးပါး စစ်ဆေးတွေ့ရှိခဲ့ကြောင်း အမေရိကန်ကလေးအထူးကု အကယ်ဒမီ (AAP) နှင့် ကလေးဆေးရုံအသင်းတို့၏ နောက်ဆုံး အစီရင်ခံစာအရ သိရသည်။

ကူးစက်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကလေး ၁၄ ဒသမ ၉ သန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း အစီရင်ခံစာအရ သိရသည်။

ပြီးခဲ့သော ရက်သတ္တလေးပတ်အတွင်း ရောဂါကူးစက်ခံရသည့် ကလေးငယ် ၁၁၆၀၀၀ နီးပါး တွေ့ရှိခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ခံရသည့် ကလေးငယ်အရေအတွက်သည် ရောဂါကူးစက်ခံရထားရသည့် ကလေးငယ်အားလုံး၏ ၁၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။

ဗီဇပြောင်းမျိုးကွဲအသစ်များနှင့် ဆက်စပ်သော ဖျားနာမှုဝေဒနာခံစားရမှုနှင့် ရေရှည်အကျိုးဆက်များခံစားရမှု၏ အလားအလာများကို အကဲဖြတ်ရန် အသက်အရွယ်အလိုက် ခွဲခြားပြီး အချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်ကြောင်း အမေရိကန် ကလေးအထူးကုအကယ်ဒမီက ပြောကြားခဲ့သည်။

ထို့ပြင် ကလေးငယ်များ ရောဂါကူးစက်မှုမရှိစေရေးနှင့် ၎င်းမျိုးဆက်သစ်ကလေးငယ်များ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝများအပေါ် ရေရှည်အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းနိုင်ရန်အရေးကြီးကြောင်း အမေရိကန် ကလေးအထူးကုအကယ်ဒမီက ဆိုသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ၁၇၃၉ ဦး သေဆုံး

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၃

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှ စတင်၍ ဖြစ်ပွားခဲ့သည့် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းခြင်းမှ ရေကြီးရေလျှံမှုများကြောင့် လက်ရှိအချိန်အထိ ၁၇၃၉ ဦး သေဆုံးခဲ့ကာ ၁၂၈၆၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါသဘာဝဘေးများအတွင်း ကလေးငယ် ၆၄၇ ဦးနှင့် အမျိုးသမီး ၃၅၃ ဦးမှာ အသက်ဆုံးရှုံးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ကနိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်သည်။

နိုင်ငံတောင်ပိုင်းရှိ ဆင်းပြည်နယ်တွင် အဆိုပါဖြစ်စဉ်များအတွင်း ဒေသခံ ၇၉၉ ဦး၊ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ဒေသခံ ၃၃၆ ဦး၊ ခိုင်ဘာပက်တွန်ခွါပြည်နယ်၌ ၃၀၉ ဦးနှင့် ပန်ဂျပ်ပြည်နယ်တွင် ၂၂၃ ဦး အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါသဘာဝဘေးများအတွင်း လူနေအိမ်ခြေ ၂၂၈၈၄၈၁ လုံး ပျက်စီးခဲ့ကာ တိရစ္ဆာန်ကောင်ရေ ၁၁၆၄၂၇၀ သေဆုံး၍ နိုင်ငံအတွင်းရှိ ခရိုင် ၈၅ ခရိုင်နှင့် လူဦးရေ ၃၃ သန်းကျော် ထိခိုက်ခဲ့ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

# ကျူးဘားအပေါ် ကုန်သွယ်ရေးအရ အရေးယူပိတ်ဆို့မှုများရပ်တန့်ရန် အမေရိကန်အား ဗင်နီဇွဲလားတောင်းဆို

ကာရာကတ် နိုဝင်ဘာ ၃

ကျူးဘားအပေါ် တစ်ဖက်သတ်ချမှတ်ထားသည့် ကုန်သွယ်ရေးအရ အရေးယူပိတ်ဆို့မှုများအား ဖယ်ရှားပေးရန် ဗင်နီဇွဲလားနိုင်ငံက အမေရိကန်အား တောင်းဆိုခဲ့ကြောင်း သိရသည်။

ကျူးဘားအား အမေရိကန်နိုင်ငံက ချမှတ်ထားသည့် အထက်ပါအရေးယူပိတ်ဆို့မှုများသည် တရားမဝင်ဘဲ ကျူးဘားနိုင်ငံသားများအား ဖိနှိပ်သည့်ဆောင်ရွက်ချက် ဖြစ်သည့်အတွက် အထက်ပါအရေးယူပိတ်ဆို့မှုများဖြေလျှော့ရေးအတွက် အခြားနိုင်ငံများက အဆိုပါကိစ္စအား ကန့်ကွက်မဲပေးခြင်းဖြင့် ကူညီဆောင်ရွက်ကြရန် ကုလသမဂ္ဂဆိုင်ရာ ဗင်နီဇွဲလားနိုင်ငံသံအမတ် ပါရက်အေရယ်စတာရင်က ပန်ကြားခဲ့သည်။

ယခုကဲ့သို့ အမေရိကန်က ကျူးဘားနိုင်ငံအားအရေးယူပိတ်ဆို့ခြင်းသည် ကျူးဘားနှင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများရှိပြီး နိုင်ငံတကာဥပဒေနှင့် ကုန်သွယ်ရေးကျင့်ဝတ်များကိုလည်း ချိုးဖောက်ရာရောက်ကြောင်း ၎င်းကပြောကြားသည်။

အမေရိကန်၏ ကုန်သွယ်ရေးအရ အရေးယူပိတ်ဆို့မှုများကြောင့် ကျူးဘားနိုင်ငံ၏စီးပွားရေးတွင် စရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅၄ ဒသမ ၂ ဘီလီယံကုန်ကျမှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

# နျူကလီးယားအရေး သဘောတူညီချက်ရရှိရန်အတွက် အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီတို့ပူးပေါင်းဆောင်ရွက်နေဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

တီဟီရန် နိုဝင်ဘာ ၃

အီရန်နှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီတို့သည် ကောင်းမွန်သင့်တော်သည့် နျူကလီးယား သဘောတူညီချက် ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမ်မာအဒိုလာဟင်က ပြောကြားလိုက်သည်။

အထက်ပါပြောကြားချက်အား ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ ဂျိုးဇက်ဘော်ရယ်လ်နှင့် ဆွေးနွေးပြီးနောက် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် တရားဝင်ကြေညာထားခြင်းမရှိသည့် နေရာသုံးခုတွင် နျူကလီးယားဆိုင်ရာဆောင်ရွက်ချက်များကို ဆောင်ရွက်ခဲ့ပြီး ၎င်းနျူကလီးယားစမ်းသပ်မှုများ၏ နည်းပညာပိုင်းဆိုင်ရာများကို တင်ပြရန်ထိမ်ချန်ခဲ့ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်ရရှိရေးအတွက် အပြုသဘောဆောင်သည့် ရပ်တည်ချက်ထားရှိဆောင်ရွက်နေကြောင်း နိုင်ငံခြားရေးဝန်ကြီး အဒိုလာဟင်က ပြောကြားသည်။

လာမည့်ရက်များအတွင်း အီရန်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်နာသို့သွားရောက်ကာ အိုင်အေအီးအေနှင့် နျူကလီးယား သဘောတူညီချက်ရရှိရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးသွားမည်ဟု သိရသည်။

အီရန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် နျူကလီးယား သဘောတူညီချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သော်လည်း အမေရိကန်သမ္မတဟောင်းထရမ့် လက်ထက်တွင် အထက်ပါသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၁၇၉ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၇၈၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၀၆၆၃၅ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၃၉၂ ဦးရှိပြီး ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၈၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၅၇၂၀ ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင် ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်နှင့်ရွှေဆိုင်များအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင် ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဓားပြတိုက်လုယက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ အေးသီတာဝင်းကို ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မဥ္ဇူလမ်း၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ အေးသီတာဝင်း၏ ထွက်ဆိုချက်အရ ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် နိုင်လင်းကို ဒလမြို့နယ် နှုတ်ခမ်းမွှေး သမ္ဘန်ဆိပ်ရှိ ရေယာဉ်ပေါ်၌ လည်းကောင်း၊ ထက်လင်းဦး(ခ)ကိုထက်ကို ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် သဘော်ကျင်း(၈)လမ်းရှိ နေအိမ်၌ Luger ပစ္စတိုတစ်လက်၊ SIGSAUER ပစ္စတိုတစ်လက်၊ KUZEY ပစ္စတို နှစ်လက်၊ ZORAKI ပစ္စတို တစ်လက်၊ ကျည်အိမ် ခုနစ်ခု၊ ကျည်မျိုးစုံ ၇၃ တောင့်၊ လက်ပစ်ဗုံးခြောက်လုံး၊ လက်လုပ်မိုင်းတစ်လုံး၊ အသံတိတ်ပြောင်း တစ်ခုနှင့် လည်းကောင်း၊ ဟိန်းထက်(ခ) အငယ်ကောင်ကို ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မဥ္ဇူလမ်း၌ လည်းကောင်း၊ ထူးထက်အောင်ကို တာမွေမြို့နယ် တာမွေကြီး(က/ဂ)ရပ်ကွက် ၁၅၆ လမ်း၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

## ဖမ်းဆီးရမိ

တရားခံ ထူးထက်အောင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၉ ရက် နေ့လယ်ပိုင်းတွင် အောင်ကျော်ထက်ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၂၅ ရပ်ကွက် ယုဇန(၄)လမ်း၌ SIGSAUER ပစ္စတို တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၁၈ တောင့်နှင့် လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် တင်အောင်လွင်(ခ) သားကြီး၊ ဦးသန်း၊ ကျော်ဇင်ထူး(ခ)ရန်ပိုင်နှင့် ရွှေသဥ္ဇာဦးတို့ လေးဦးကို လှည်းကူးမြို့ အမှတ်(၃)လမ်းဆုံစစ်ဆေးရေးဂိတ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံ ကျော်ဇင်ထူး(ခ)ရန်ပိုင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ထက်အောင်လင်းကို ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် အောင်ဇေယျ (၆)လမ်းရှိ နေအိမ်၌ ၉ မမ ကျည် နှစ်တောင့်နှင့် လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် မင်းမင်းဦး(ခ)ကျော်ဦး(ခ)ဝေလွင်ဦးကို ဒလမြို့နယ် ကျန်စစ်သား ရပ်ကွက် လမ်းသွယ်(၁)လမ်း၌ လည်းကောင်း၊ ခိုင်ခိုင်ဝင်း(ခ)အရိုးမနှင့် သက်ဝါဦး(ခ) တုတ်တုတ်တို့ နှစ်ဦးကို ဒလမြို့နယ် ကျန်စစ်သား ရပ်ကွက် ဒလ–တွံတေးသွား ကားလမ်းဘေး၌ လည်းကောင်း၊ ကျော်မျိုးအောင်ကို ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက် အုတ်လှငယ်လမ်းရှိ နေအိမ်၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ ညနေပိုင်းတွင် ဇင်မိုးဦး၊ တင်ဇော်သိန်း(ခ) ဂန္ဓီ နှင့် အောင်ဇော်မျိုးတို့ သုံးဦးကို ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်၌ လည်းကောင်း၊ ဇော်ဝင်းအောင်(ခ) စိန်ကုလားကို ဒလမြို့နယ် စက်မြေရပ်ကွက် ဆရာစံလမ်း အိမ်အမှတ်(၆၄)၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် ဖမ်းဆီးရန်ကျန်တရားခံ ကြည်လွင် (ခ)မီးသီး နေထိုင်သော အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုတိသာ လမ်းသွယ်(၁) တိုက်အမှတ် (5/A)ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ RUGER SR–9 ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမကျည် ငါးတောင့်၊ လက်ပစ်ဗုံး နှစ်လုံး၊ ဒီတိုနေတာ အခု ၃၀၊ ယမ်းမှုန့်တစ်ထုပ်၊ ဆားကစ်ပြားတစ်ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တင်အောင်လွင်(ခ)သားကြီး၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဝင်းမင်းထွန်း(ခ) ရှမ်းပေါက်နှင့် စိုးမြတ်ဦး (ခ)တွတ်ပီတို့ နှစ်ဦးကို မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်း၊ ဓားပြတိုက်လုယက်ခြင်းများ ဆောင်ရွက်ခဲ့သည့် တရားခံ ကျား ၁၇ ဦး၊ မ လေးဦး စုစုပေါင်း ၂၁ ဦးကို ပစ္စတိုမျိုးစုံ ခုနစ်လက်၊ ကျည်အိမ် ၁၀ ခု၊ ကျည်မျိုးစုံ ၉၈ တောင့်၊ လက်ပစ်ဗုံး ရှစ်လုံး၊ ဖောက်ခွဲရေးသုံး ဒီတိုနေတာ အခု ၃၀၊ ယမ်းမှုန့်တစ်ထုပ်၊ ဆားကစ်ပြားတစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ထက်လင်းဦး(ခ) ကိုထက်၊ ထူးထက်အောင်နှင့် အောင်ကျော်ထက်တို့ သုံးဦးသည် ၂၀၂၁ ခုနှစ် ဇွန်လခန့်တွင် KNLA တပ်မဟာ(၇)လှူပ်ရှားနယ်မြေ၌ လည်းကောင်း၊ ကျော်ဇင်ထူး(ခ)ရန်ပိုင်၊ ရွှေသဥ္ဇာဦး၊ ဝင်းမင်းထွန်း(ခ) ရှမ်းပေါက်နှင့် စိုးမြတ်ဦး(ခ)တွတ်ပီတို့ လေးဦးသည် KIA ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီး၌ လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တစ်လခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စာမျက်နှာ ၁၅ သို့ ☆

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်နှင့်ရွှေဆိုင်များအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်စီစဉ်လျက်ရှိသည့် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ




၂၀၂၁ ခုနှစ် မေ ၇ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ–တွံတေး ကားလမ်းဘေးရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။





ဇွန် ၂၀ ရက်တွင် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် အထက(၄)ကျောင်းအနီး၌ လက်လုပ်ဗုံးတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။





ဩဂုတ် ၂၈ ရက်တွင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းနှင့် ဒလ–တွံတေး လမ်းထောင့်ရှိ ဝတီနန်းစတိုးဆိုင်ရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။





☆ စာမျက်နှာ ၁၄ မှ

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဒလမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဒလ PDF အမည်ခံအကြမ်းဖက်အဖွဲ့အား ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်နေ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူံဒိုး** တို့ခေါင်းဆောင်၍ **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်၊ အောင်ကျော်ထက်၊ နိုင်လင်း၊ တင်အောင်လွင်(ခ)သားကြီး၊ ဦးသန်း၊ ကျော်ဇင်ထူး(ခ)ရန်ပိုင်၊ ဝင်းမင်းထွန်း(ခ) ရှမ်းပေါက်၊ စိုးမြတ်ဦး(ခ)တွတ်ပီ**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ကြည်လွင်(ခ) မီးသီး၊ အောင်ကျော်စိုး၊ ကျော်လင်း၊ အောင်လွန်း၊ စစ်နိုင်၊ ဇင်မင်းထွန်း၊ ရန်ကျော်**နှင့် **ဒီပ**တို့ပါဝင်သော ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ၄ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၁ ခုနှစ် မေ ၇ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ - တွံတေးကားလမ်းဘေးရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ဖမ်းဆီးရန်ကျန် တရားခံ **ပြည့်ဖြိုးနိုင်**နှင့် **ပြည်ဖြိုးသူ**တို့မှ လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲခဲ့ပြီး **ကျော်မျိုးအောင်**နှင့် **ထက်အောင်လင်း**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ဒလမြို့နယ် သပြေကုန်းကျေးရွာ အထက(၄)ကျောင်းရှေ့၌ ဖမ်းဆီးရန်ကျန်တရားခံ **ပြည့်ဖြိုးနိုင်**နှင့် **ပြည်ဖြိုးသူ**တို့မှ လက်လုပ်မိုင်းတစ်လုံးဖောက်ခွဲခဲ့ပြီး **ကျော်မျိုးအောင်**နှင့် **ထက်အောင်လင်း**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၂၈ ရက်တွင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းနှင့် ဒလ - တွံတေး လမ်းထောင့်ရှိ ဝတီနန်းစတိုးဆိုင်ရှေ့၌ **ထူးထက်အောင်**မှ လက်လုပ်မိုင်း နှစ်လုံးဖြင့် ဖောက်ခွဲခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်**နှင့် **အေးသီတာဝင်း**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၁၄ ရက်တွင် ဒလမြို့နယ် မဟာဗန္ဓုလလမ်းနှင့် တံတားဖြူရေမြောင်းအနီးရှိ အမှိုက်ပုံ၌ ဖမ်းဆီးရန်ကျန် တရားခံ **ရဲထက်နိုင် (ခ)ကျူံဒိုး**မှ လက်လုပ်မိုင်း တစ်လုံးဖောက်ခွဲခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်**နှင့် **အေးသီတာဝင်း**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု ၆ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူံဒိုး**တို့သည် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နယူးရွှေခရားကြီး လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးကျော်မင်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း**နှင့် **အေးသီတာဝင်း**တို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- မေ ၁ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**သည် ဒလမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးချစ်မိုးအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **နိုင်လင်း**နှင့် **ဟိန်းထက်(ခ)အငယ်ကောင်**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၁၄ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူံဒိုး**တို့သည် ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူ ဦးကျော်ကျော်ဝင်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်**နှင့် **အေးသီတာဝင်း**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

စာမျက်နှာ ၁၆ သို့ ☆

အောက်တိုဘာ ၁၈ ရက်တွင် ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် သဘော်ကျင်း (၈) လမ်း၌ တရားခံ ထက်လင်းဦး(ခ)ကိုထက် ထံမှ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။



အောက်တိုဘာ ၁၉ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် ယုဇန (၄)လမ်း၌ တရားခံ အောင်ကျော်ထက် ထံမှ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။



အောက်တိုဘာ ၁၄ ရက်တွင် ဒလမြို့နယ် မဟာဗန္ဓုလလမ်းနှင့် တံတားဖြူရေမြောင်း အနီးရှိ အမှိုက်ပုံ၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။





အောက်တိုဘာ ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုတိသာ လမ်းသွယ်(၁) တိုက်အမှတ် (5/A)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။





ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နယူးရွှေခရားကြီး လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးကျော်မင်း

မေ ၁ ရက်တွင် ဒလမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးချစ်မိုး(သေဆုံး)

ဩဂုတ် ၁၄ ရက်တွင် ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးကျော်ကျော်ဝင်း

ဩဂုတ် ၃၀ ရက်တွင် ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးစိုးမင်းဦး (သေဆုံး)

စက်တင်ဘာ ၂၅ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးဝဏ္ဏထွန်း (သေဆုံး)

စက်တင်ဘာ ၂၉ ရက်တွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် (၂၆)လမ်းထောင့်၌ စစ်သည်တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်ကြပ် မင်းထွန်း (သေဆုံး)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၇၀ | ၃၆၄၅ |
| HSD (50 ppm) | ၂၆၄၅ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၅ | ၂၇၉၀ | ၂၇၈၅ | ၂၆၈၀ | ၂၆၉၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၂၅ | ၂၉၄၅ | ၃၆၇၅ |
| HSD (10 ppm) | ၂၆၄၅ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၅ | ၂၇၉၀ | ၂၇၈၅ | ၂၆၈၀ | ၂၆၉၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၂၅ | ၂၉၄၅ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၀ | ၂၀၁၃ |
| 95 Ron | ၂၀၃၅ | ၂၁၀၉ |
| HSD (500 ppm) | ၂၄၅၄ | ၂၅၃၃ |
| HSD (50 ppm) | ၂၅၂၆ | ၂၆၀၆ |
| HSD (10 ppm) | ၂၅၂၆ | ၂၆၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မတူပီမြို့ ဘုံတလာခန်းမ၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ

မတူပီ နိုဝင်ဘာ ၃

ချင်းပြည်နယ် မတူပီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာအင်အား ၂၃ ဦးအဖွဲ့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ နိုင်ငံရေးစစ်ကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစစ်ကြောင်း၊ စီးပွားရေးစစ်ကြောင်း၊ လုံခြုံရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်း စသည့် စစ်ကြောင်းကြီး ငါးကြောင်းအသွင်ဖြင့် ယနေ့နံနက်က မတူပီမြို့ ခိုဘွေရပ်ကွက် ဘုံတလာခန်းမ၌ အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အမှာစကား ပြောကြားပြီး စစ်ကြောင်း တစ်ခုချင်းအလိုက် အဖွဲ့ဝင်များက ဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ဟောပြောကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက် လက်ကမ်းစာစောင် ၁၅၀ ဖြန့်ဝေကာ ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်း (၁၀)စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅ ဦး ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိခရိုင်/မြို့နယ်များ၌တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

☆ စာမျက်နှာ ၁၅ မှ

- ဩဂုတ် ၃၀ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျုံဒိုး**တို့မှ ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်အတွင်း၌ ရာအိမ်မှူး ဦးစိုးမင်းဦးအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်၊ အေးသီတာဝင်း၊ ခိုင်ခိုင်ဝင်း(ခ)အရိုးမ**နှင့် **သက်ဝါဦး(ခ)တုတ်တုတ်**တို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၅ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**သည် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးဝဏ္ဏထွန်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ)အငယ်ကောင်၊ ခိုင်ခိုင်ဝင်း(ခ) အရိုးမ**နှင့် **သက်ဝါဦး(ခ)တုတ်တုတ်**တို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၉ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဇင်မင်းထွန်း**သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၂၆ လမ်းထောင့်၌ တပ်ကြပ်မင်းထွန်းအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ)အငယ်ကောင်**နှင့် **မင်းမင်းဦး(ခ)ကျော်ဦး (ခ)ဝေလွင်ဦး**တို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**မှ ခိုင်းစေခဲ့ခြင်းဖြစ်ပြီး သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများကို တရားခံပြေး **ရဲနောင်**က မြဝတီမြို့မှတစ်ဆင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒလမြို့နယ် NLD ပါတီအလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**၏ ခိုင်းစေချက်အရ **ထူးထက်အောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျုံဒိုး**တို့မှ ဦးဆောင်၍ သင်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်မှတ်တိုင်အနီးရှိ A ဘဏ်နှင့် ရတနာရွှေဆိုင်တို့အား ခားပြတိုက်လုယက်မှုများ ကျူးလွန်၍ ရရှိသောငွေကြေးများအား အသုံးပြုကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်စီစဉ်ထားရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒလမြို့နယ် NLD ပါတီအလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**၏ ခိုင်းစေချက်အရ **တင်အောင်လွင်(ခ)သားကြီး၊ ဦးသန်း၊ တင်ဇော်သိန်း(ခ)ဂန္ဓီ၊ ဇင်မိုးဦး၊ အောင်ဇော်မျိုး**နှင့် **ဇော်ဝင်းအောင်(ခ)စိန်ကုလား**တို့သည် ဒလ PDF အကြမ်းဖက်အဖွဲ့အတွက် လူမှုကွန်ရက်မှတစ်ဆင့် ပြည်တွင်း/ ပြည်ပရှိ အစွန်းရောက် NLD ပါတီဝင်များနှင့် အကြမ်းဖက်အဖွဲ့အား ထောက်ခံသူများထံမှ နည်းလမ်းမျိုးစုံဖြင့် အလှူငွေများကောက်ခံ၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအားဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးအတွက် အထောက်အကူပြုစေရန် နည်းပညာသင်တန်းများ ဖွင့်လှစ်



မုံရွာ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ပစ္စည်းနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးအတွက် အထောက်အကူပြုစေရန်၊ လူငယ်များ သမာအာဇီဝကျကျ လုပ်ကိုင်တတ်စေရန်ရည်ရွယ်၍ နည်းပညာသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းကပို့ချပေးမည့် နည်းပညာရပ်များကို စိတ်ပါဝင်စားစွာဖြင့် နာယူမှတ်သားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းနည်းပြနှင့် သင်တန်းသူများထံ ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ပြီး သင်တန်းတွင်အသုံးပြုသွားမည့် သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးသည်။ အဆိုပါ နည်းပညာသင်တန်းကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းသူ ၂၈ ဦး တက်ရောက်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယှဉ်ပြိုင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်ကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနအလိုက် တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## (၃၄)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် သွေးလှူဒါန်း

တောင်ကြီး နိုဝင်ဘာ ၃

(၃၄)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများက ယနေ့မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၊ သွေးလှူဘဏ်၌ သွေးလှူဒါန်းနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

သွေးလှူဒါန်းပေးကြသော ဝန်ထမ်းများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အားဖြည့်အစားအစာများ ပေးအပ်ကြပြီး သွေးလှူဒါန်းပေးသည့်အတွက် စဝ်စံထွန်းဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ တောင်ကြီးမြို့ ကမ္ဘောဇသာသနာ့လက်ာရဗိမာန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် စုပေါင်းမဟာဘုံကထိန်ပွဲ၌ အစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာပေါင်းစုံမှ လှူဒါန်းမည့် ပဒေသာပင်များကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် နိုဝင်ဘာ ၃

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သထုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆ / ၆)တို့နှင့်ပတ်သက်၍ အသိပညာပေးနှိုးဆော်

သထုံ နိုဝင်ဘာ ၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ( ၆၆/၆)တို့နှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်များကို ပြည်သူများသိရှိစေရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ( ၆၆/၆) ပုံစံများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းတို့အား နီးစပ်ရာ မြို့နယ်ရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်ကမ်းစာစောင်များဖြန့်ဝေပြီး မြို့တွင်းနေရာအနှံ့အပြား၌ အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းများ ဆောက်ရွက်သည်။

အဆိုပါ ဖြန့်ဝေသည့် လက်ကမ်းစာစောင်တွင် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ပတ်သက်၍ အချက်(၇) ချက်၊ ပုံစံ(၆၆/၆)အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ အချက်(၆)ချက်ကို ပြည်သူအများသိရှိနားလည်စေရန် ပြည့်စုံစွာဖော်ပြထားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးတင်အောင်ဖြိုးနှင့်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက သထုံမြို့နယ်အတွင်း သွားလာလှုပ်ရှားနေကြသည့် ပြည်သူများထံ ဖြန့်ဝေပေးကာ လိုက်လံနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း အခမ်းအနားကျင်းပ

ပြည် နိုဝင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်းအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပြည်မြို့ရှိ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။



**ချီးမြှင့်ပေးအပ်**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ရဲဗလတံဆိပ်ချီးမြှင့်ခံရသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦး၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၁၁ ဦး၊ ရာအိမ်မှူး ခြောက်ဦး၊ ဆယ်အိမ်မှူးတစ်ဦး စုစုပေါင်း ၁၉ ဦးတို့ကို ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ရဲရဲဝံ့ဝံ့နှင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ရဲဗလတံဆိပ်ကို ပဲခူးခရိုင်မှ ခုနစ်ဦး၊ ညောင်လေးပင်ခရိုင်မှ ကိုးဦး၊ တောင်ငူခရိုင်မှ ၁၀ ဦး၊ ပြည်ခရိုင်မှ နှစ်ဦး၊ နတ်တလင်းခရိုင်မှ ကိုးဦး၊ သာယာဝတီခရိုင်မှ ရှစ်ဦး စုစုပေါင်း ၄၅ ဦးရရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းဖြစ်သည့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်တို့မှ စုစုပေါင်း ၁၉ ဦး ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခံရကြောင်း သိရသည်။

**ကြည့်ရှု**

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နတ်တလင်းမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တိုးချဲ့နှစ်ထပ်ဆောင်အသစ်တည်ဆောက်မည့် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပန္နက်တိုင်များစိုက်ထူကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြကြောင်းနှင့် ကြို့ပင်ကောက်မြို့ရှိ သဘာဝ Resin စားပွဲနှင့် သစ်သားပရိဘောဂအရောင်းပြခန်းနှင့် တိုးမြင့် ဒိန်ချဉ်ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုပြီး နို့စားနွား တိုးချဲ့မွေးမြူနိုင်ရေးအတွက် မြေနေရာရှာဖွေရန်နှင့် FDA ခွင့်ပြုချက်ရရှိနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံ စဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် (မူလတန်းနှင့်အလယ်တန်း) အဆင့်များမှ စတင်၍ အသိပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



**ဆွေးနွေးဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထက(ရေဆင်း)၌ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာအချို့နှင့် ပညာပေး (Edutainment) အစီအစဉ်ပါ အကြောင်းအရာများကို ဖော်ပြဆွေးနွေးဆောင်ရွက်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ ကြီးကြပ်စစ်ဆေးပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာစာအုပ်များ၊ လက်ကမ်း စာစောင်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို (၃-၁၁-၂၀၂၂) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၀-၁၁-၂၀၂၂) ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# “Coex Food Week 2022” ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

တောင်ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Coex Convention & Exhibition Center ၌ နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ “Coex Food Week 2022” ကုန်စည်ပြပွဲကို ကျင်းပလျက်ရှိရာ ပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ တက်ရောက်ခဲ့ပြီး တောင်ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ကုန်စည်ပြပွဲတွင် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များက ပြခန်းပေါင်း ၁၄၀၀ ဖြင့် ဝင်ရောက်ပြသလျက်ရှိပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီ ၁၀ ခုသည် သစ်သီးခြောက်၊ ငရုတ်သီးအမျိုးမျိုး၊ ကော်ဖီ၊ နှမ်းလှော်မှုန့်၊ ပျားရည်၊ ဆန်ပြုတ်၊ လက်ဖက်ခြောက်အမျိုးမျိုး၊ ယိုအမျိုးမျိုးနှင့် ဖျော်ရည်အမျိုးမျိုးတို့ကို ပါဝင်ပြသလျက်ရှိသည်။

ကုန်စည်ပြပွဲသို့ ကိုရီးယားသမ္မတနိုင်ငံနှင့် နိုင်ငံတကာမှ လေ့လာကြည့်ရှုဝယ်ယူသူများအနေဖြင့် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာစားသောက်ကုန်များကို စိတ်ဝင်တစား လာရောက်ကြည့်ရှုကြပြီး ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များနှင့် အပြန်အလှန် အကျိုးရှိစေမည့် Business Matching များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# နတ်တလင်းမြို့နယ်၌ ကျောင်းအုပ်ကြီးများစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နတ်တလင်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အထက နတ်တလင်းကျောင်း မနောဟာဒယခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို နတ်တလင်းမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးအေးသောင်းနှင့် တာဝန်ရှိသူသုံးဦးတို့က စီမံဘာသာရပ်၊ ဘဏ္ဍာရေးဘာသာရပ်၊ ပညာဌာနဘာသာရပ်၊ စီမံကိန်းစာရင်းအင်းမှတ်တမ်းဘာသာရပ်၊ စီမံကိန်းများ ကြီးကြပ်အကဲဖြတ်ခြင်းဘာသာရပ်နှင့် ကာယပညာဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသော ကျောင်းအုပ်ကြီးများက အပြန်အလှန်ဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ (ထက်၊ လယ်၊ မူ) ကျောင်းတို့မှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၃၇ ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ၃ ရက်မှ ၄ ရက်ထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၃**

ကယားပြည်နယ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ယနေ့နံနက်ပိုင်းက ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆောက်အအုံ၊ လမ်း၊ တံတားများ၏ အရည်အသွေး ကောင်းမွန်စေရေးနှင့် သတ်မှတ်စံနှုန်းများ ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းလိုအပ်ချက် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက လုပ်ငန်းအလိုက် ဆောင်ရွက်နေမှုများ၊ တည်ဆောက်ရေးကုမ္ပဏီများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ လွိုင်ကော်မြို့၌ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၃**

လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference – 19th AACC) သို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။



**ပို့ဆောင်နှုတ်ဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၃**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါအဖွဲ့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ပစ္စတို အမျိုးသားအသင်း၊ ပစ္စတို အမျိုးသမီးအသင်း၊ ကာဘိုင် အမျိုးသားအသင်း၊ ရိုင်ဖယ် အမျိုးသားအသင်းနှင့် စက်သေနတ်အမျိုးသားအသင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပြည်သူ့ရင်ပြင်၌ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ နိုဝင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ခမ်းနားဆန်းပြားစွာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တန်ဆောင်မီးထွန်းပွဲတော်တွင် လာရောက်သူပရိသတ်များ မျက်စိပသာဒအလှအပကို ခံစားရစေမည့် အလှဆင်မီးများစွာဖြင့် တန်ဆာဆင်ထွန်းညှိထားမည်ဖြစ်သည့်အပြင် တန်ဆောင်မုန်းလပြည့်ညတွင်လည်း မီးရှူးမီးပန်းပေါင်းများစွာ ပစ်ဖောက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တန်ဆောင်တိုင်ဈေးပွဲတော်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး လာရောက်ဆင်နွှဲသည့် ပရိသတ်များအား နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ DJ များဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်မည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **သာယာလှပ ရန်ကုန်တန်ဆောင်တိုင်လပြည့်ည** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြည်သူ့ရင်ပြင်အပါအဝင် ရန်ကုန်မြို့၏ တန်ဆောင်တိုင်အလှ ပေါ်လွင်သောနေရာများ၏ တန်ဆောင်တိုင်မီးထွန်းပွဲကျင်းပနေမှု အလှအပကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ရန်ကုန်ပြည်သူ့ရင်ပြင် တန်ဆောင်တိုင်ပွဲတော်အပါအဝင် ရန်ကုန်မြို့အတွင်း တန်ဆောင်တိုင်အလှအပပေါ်လွင်သည့် မည်သည့်နေရာဆို ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ(၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy(CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ SBS Express ဖုန်း ၀၉-၇၆၅၄၂၇၀၉၀ နှင့် ၀၉-၇၆၅၄၂၅၂၂၈ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကာ ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်းနှင့် ဆုကြေးငွေကို ထိုက်တန်စွာ ဂုဏ်ပြုပေးအပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တန်ဆောင်တိုင်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီမှ သိရသည်။

**လင်းရာမ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၉၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၅) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၈၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၄၀,၆၈၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၀၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၁၈၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၄) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၄၉၆၄၄၃ | ၉၇၀၁၅၅၆၃ | ၁၀၉၆၇၁၇ |
| ၂။ | အိန္ဒိယ | ၄၄၆၅၇၁၄၉ | ၄၄၁၁၀၅၉၀ | ၅၃၀၄၆၁ |
| ၃။ | ပြင်သစ် | ၃၆၈၄၈၆၀၁ | ၃၅၉၄၅၄၀၁ | ၁၅၇၁၄၄ |
| ၄။ | ဂျာမနီ | ၃၅၇၂၈၂၇၇ | ၃၄၂၄၂၇၀၀ | ၁၅၄၀၉၅ |
| ၅။ | ဘရာဇီး | ၃၄၈၈၂၉၃၂ | ၃၄၀၆၀၆၇၀ | ၆၈၈၃၀၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၇၁၇၂၇၇ | ၂၅၀၉၁၂၂၆ | ၂၉၂၈၀ |
| ၇။ | ဗြိတိန် | ၂၃၈၉၈၄၈၉ | ၂၃၅၅၉၄၅၅ | ၁၉၃၆၇၃ |
| ၈။ | အီတလီ | ၂၃၅၃၁၀၂၃ | ၂၂၈၈၄၇၁၇ | ၁၇၉၁၀၁ |
| ၉။ | ဂျပန် | ၂၂၅၀၀၃၁၃ | ၂၀၅၀၅၇၄၈ | ၄၆၈၅၀ |
| ၁၀။ | ရုရှား | ၂၁၄၄၇၅၁၈ | ၂၀၈၃၂၅၂၀ | ၃၉၀၃၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၄၉၁၀ | ၁၀၆၀၄၁၈၆ | ၄၃၁၆၅ |
| ၂။ | အင်ဒိုနီးရှား | ၆၅၀၇၆၁၀ | ၆၃၁၆၇၉၃ | ၁၅၈၇၃၇ |
| ၃။ | မလေးရှား | ၄၉၀၉၈၄၆ | ၄၈၄၀၃၄၈ | ၃၆၄၈၀ |
| ၄။ | ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၆၆၃၅ | ၃၉၂၄၀၆၄ | ၆၄၁၇၉ |
| ၆။ | စင်ကာပူ | ၂၁၁၂၁၁၀ | ၂၀၂၆၇၃၇ | ၁၆၈၂ |
| ၇။ | မြန်မာ | ၆၃၂၀၁၄ | ၆၀၆၁၈၄ | ၁၉၄၈၄ |
| ၈။ | ဘရူနိုင်း | ၂၃၇၆၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၆၀ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၅ | ၁၃၄၉၃၁ | ၃၀၅၆ |

## ဖျာပုံမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အလှပြင်သင်တန်းဖွင့်ပွဲကျင်းပ

ဖျာပုံ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် PTTEP International Limited (Yangon Branch)နှင့် Andaman Transportational Limited တို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလှပြင်သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်က ဖျာပုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းခန်းမ၌ ပြုလုပ်ရာ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် PTTEP International Limited (Yangon Branch) နှင့် Andaman Transportational Limited တို့က အလှပြင်သင်တန်း သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူရန် အလှူငွေကျပ် ၁၀၄ သိန်းအား ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နော်သဝါးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

"ဒီနေ့ဖွင့်လှစ်တဲ့သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀ ဦးသာ လက်ခံပြီး တစ်လတိတိသင်ကြားပေးမှာ ဖြစ်ပါတယ်။ သင်တန်းတစ်လကြာ တစ်ကြိမ်ကို ၁၀ ဦးနှုန်းနဲ့ တစ်နှစ်ကို သင်တန်းခြောက်ကြိမ်အထိ ဖွင့်လှစ်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ စိတ်ပါဝင်စားသူတွေလည်း လာရောက်ချိတ်ဆက်ဆွေးနွေးနိုင်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် ဖျာပုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမူက သင်တန်းဖွင့်လှစ်မည့် အစီအစဉ်၊ သင်ကြားပို့ချမည့်အစီအစဉ်နှင့် သင်တန်းပြီးဆုံးပါက ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ၂၀၇

## မအူပင်မြို့နယ် တိုးမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်

မအူပင် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ မအူပင်မြို့နယ် မင်းရောတံတားမှ တိုးမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက မင်းရောတံတားတွင် ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းအား မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးရုံးဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ငါးမျိုးစိုက်ကြီးကြပ်အဖွဲ့ဝင်များ၊ တလုပ်လှငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမင်းနှင့် ဝန်ထမ်းများ၊ အောင်ဟိတ်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်မြင်မိုးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်၍ တလုပ်လှ ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ ရှစ်သောင်း၊ ငါးမြစ်ချင်း ကောင်ရေသုံးသိန်း စုစုပေါင်းကောင်ရေသုံး ဒသမ ရှစ်သိန်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄) နှစ်ပြည့်အမှတ်တရအဖြစ် တိုးမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂-၁၁-၂၀၂၂ ရက်မှအဆက်

"'မ'၏ ပြောနေသံကို နားထဲတွင် အလိုလိုကြားလာရင်းက ရင်ထဲတွင် သိမ့်သိမ့်ခါ၍သွားမိသည်။ သည်အခါတွင် ကိုဘခက်သည် နာရီကိုသာ တကြည့်ကြည့်နှင့်ရှိတော့သည်။ စက္ကန့်လက်တံကလေး တစ်ပတ်ပြည့်တိုင်း ပြည့်တိုင်း တစ်မိနစ် တစ်မိနစ် ကူးသည်ကိုပင် မပြတ် စောင့်၍ကြည့်နေမိသည်။

တစ်နာရီခွဲ၊ တစ်နာရီသုံးဆယ့်ငါး၊ တစ်နာရီလေးဆယ်၊ တစ်နာရီလေးဆယ့်ငါး။

တစ်နာရီငါးဆယ်သို့ရောက်သောအခါ ကိုဘခက်သည် စိုးရိမ်၍လာသည်။ သံသယဖြစ်လာသည်။ လာမှလာပါ့မလားဟူသော ပူပင်စိတ်က သူ့ကို ချောက်ချားလာစေသည်။ နှစ်နာရီထိုးသောအခါတွင်မူ အခန်းတွင်း၌ပင် နေ၍မရတော့ချေ။ အပြင်သို့ထွက်၍ မျှော်မိသည်။ နှစ်နာရီနှင့် တစ်မိနစ် စွန်းသည်နှင့်တစ်ပြိုင်နက် သူ့ရင်ထဲ၌ အပူလုံးကြီးများ တစ်လုံးပြီးတစ်လုံး တက်၍လာသည်။ အားပျက်ချင်သော စိတ်က တဖြည်းဖြည်း လွှမ်းလာ၏။

ထိုအတွင်းမှာပင် ကားတစ်စီးဆိုက်သည်ကို မြင်လိုက်ရ၍ ဝမ်းသာမိသော်လည်း 'မ' တို့အိမ်မှကား မဟုတ်သဖြင့် တစ်ဖန် စိတ်ပျက်ရပြန်သည်။ သို့သော် ခဏချင်းပင် ကိုဘခက်၏မျက်နှာသည် ရွှင်လန်းကြည်လင်လာသည်။

'မ' က ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း လက်မှနာရီကို ကြည့်လိုက်သည်။ ပြီးမှ ကားဆရာကို ခပ်တိုးတိုးမှာလိုက်ပြန်သည်။ ကားဆရာ ပေးလိုက်သော အထုပ်တစ်ထုပ် လှမ်း၍ယူပြီးလျှင် အပေါ်သို့တက်လာသောအခါ ကိုဘခက်က လှေကားထိပ်မှ ဆီး၍ကြိုမိသည်။ 'မ' က ကိုဘခက်ကိုကြည့်ရင်း မပွင့်တပွင့် ပြုံးလိုက်ရှာသည်။

"'မ' နောက်ကျသွားတယ်နော်။ ဆရာ စောင့်ရတာ ကြာရော့မယ်"

စောင့်နေရစဉ်က စိတ်ပင်ပန်းသလောက် 'မ' မျက်နှာကလေးကို မြင်ရသောအခါ ရွှင်လန်းရပြန်သည်။ ထို့ကြောင့်လည်း 'မ' ကို ဘာမျှပြန်မပြောနိုင်။ အခန်းဆီသို့သာ နှစ်ယောက်သား လျှောက်ခဲ့သည်။




အခန်းတွင်းသို့ရောက်သောအခါ 'မ' အား အရင်ထိုင်စေပြီး သူကမူ 'မ' ဘေးမှ ယှဉ်၍ထိုင်လိုက်သည်။ ပြီးတော့လည်း ဘာမျှမပြောသေးဘဲ 'မ'မျက်နှာကလေးကိုသာ ရွှန်းရွှန်းစားစား စိုက်ကြည့်နေပြန်သည်။ 'မ' ကမူ လက်ထဲမှ အိတ်တစ်ခုကို စားပွဲပေါ်သို့ အသာတင်လိုက်ပြီးလျှင် ကိုဘခက်ကို အကဲခတ်သလို ပြန်၍ ကြည့်လိုက်သည်။

"ဆရာရောက်တာ တော်တော်ကြာပြီ ပေါ့နော်"

'မ'၏အမေးကို ရုတ်တရက်မဖြေသေးဘဲ လက်မှနာရီကိုကြည့်ရင်း စဉ်းစားဟန်ပြုလိုက်သည်။

"သိပ်မကြာသေးပါဘူး၊ ဆယ်မိနစ် လောက်ပဲရှိဦးမယ်"

'မ' က တစ်ချက်မျှပြုံးလိုက်ပြီးလျှင် ကိုဘခက်မှာထားသော ကြာဆံကြော်ကို ခက်ရင်းဖြင့်ကော်၍ မြည်းလိုက်သည်။ ပြီးမှ ကိုဘခက်ကို ပြုံးပြုံးကြီး ကြည့်ရင်း ...

"ဆရာလည်း လိမ်တတ်နေပြီပေါ့ ... ဟုတ်လား"

ကိုဘခက်ကမူ 'မ'ကိုသာ တည်တည်ကြည့်ရင်း ဣန္ဒြေဆည်လိုက်သည်။

"အဟုတ်ပါ 'မ' ရဲ့၊ 'မ'ကို ကျွန်တော် မလိမ်ပါဘူး"

"'မ' ဒါလောက် မအတော့ပါဘူး ဆရာ။ ဆရာမှာထားတဲ့ ကြာဆံကြော်တွေတောင် အေးကုန်ပေါ့ဟာ။ ဆယ်မိနစ် ဘယ်ကတော့မလဲ။ ဆရာလည်း လိမ်တတ်နေပြီပေါ့"

ကိုဘခက်သည် ဘာမျှပြန်မပြောနိုင်တော့ချေ။ 'မ' ၏ ပါးနပ်ပုံကိုသာ ချီးကျူးမိသည်။

"'မ' ပြောသလိုပေါ့ ... အချစ်အတွက် လိမ်တာဟာ ငရဲမကြီးပါဘူး။ ကျွန်တော်လည်း ဒီတစ်ကြိမ်ပါနဲ့ဆိုရင် 'မ' ကို လိမ်တာ နှစ်ကြိမ်ရှိသွားပြီ။ ဒါပေမဲ့ ကျွန်တော် 'မ' ကိုလိမ်ရသမျှဟာ ဒုက္ခပေးမယ့်လိမ်နည်း မဟုတ်ပါဘူး။ 'မ' စိတ်ချမ်းသာဖို့အတွက် လိမ်ရတာပါ။ ကျွန်တော်စောင့်ရတာ ကြာတယ်ဆိုရင် 'မ' စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

'မ'သည် ကိုဘခက်၏စကားများကို နားထောင်ရင်း ရင်ထဲ၌ အလိုလိုကြည်နူးမိသည်။ ကိုဘခက်၏ စေတနာကို ယုံကြည်လေးစားမိလေသည်။

'မ' သည် ထိုစားပွဲပေါ်တွင် တင်ထားသောအိတ်ကလေးကို ကိုဘခက်၏ လက်ထဲသို့ လှမ်းပေးလိုက်သည်။ ကိုဘခက်က 'မ' ပေးသောအိတ်ကို ယူ၍

"အဟုတ်ပါ 'မ' ရဲ့၊ 'မ' ကို ကျွန်တော် မလိမ်ပါဘူး"

"'မ' ဒါလောက် မအတော့ပါဘူး ဆရာ။ ဆရာမှာထားတဲ့ ကြာဆံကြော်တွေတောင် အေးကုန်ပေါ့ဟာ။ ဆယ်မိနစ်ဘယ်ကတော့မလဲ။ ဆရာလည်း လိမ်တတ်နေပြီပေါ့"

ကိုဘခက်သည် ဘာမျှပြန်မပြောနိုင်တော့ချေ။ 'မ' ၏ ပါးနပ်ပုံကိုသာ ချီးကျူးမိသည်။

"'မ' ပြောသလိုပေါ့ . . . အချစ်အတွက်လိမ်တာဟာ ငရဲမကြီးပါဘူး။

ကျွန်တော်လည်း ဒီတစ်ကြိမ်ပါနဲ့ဆိုရင် 'မ' ကိုလိမ်တာ နှစ်ကြိမ်ရှိသွားပြီ။

ဒါပေမဲ့ ကျွန်တော် 'မ' ကိုလိမ်ရသမျှဟာ ဒုက္ခပေးမယ့် လိမ်နည်းမဟုတ်ပါဘူး။

'မ' စိတ်ချမ်းသာဖို့အတွက် လိမ်ရတာပါ။

ကျွန်တော်စောင့်ရတာ ကြာတယ်ဆိုရင် . . ."

ဖြေကြည့်လိုက်သည်။ အိတ်ထဲမှာ အရှေ့တိုင်းဂီတ စာအုပ်ထူထူတစ်အုပ် ထွက်လာသည်။ ကိုဘခက်သည် စာအုပ်ကို အမြတ်တနိုး ကြည့်၍နေမိသည်။ အမှန်တော့လည်း သူနှစ်သက်တတ်သော စာအုပ်မျိုးကိုမှ ရွေးချယ်၍ လက်ဆောင်ပေးတတ်သော 'မ' ကို ကျေးဇူးတင်မဆုံး ရှိတော့သည်။

'မ' ကိုယ်တိုင် သူ့လက်ဆောင်ကို ကိုဘခက်နှစ်သက်သည်ကို တွေ့ရသဖြင့် ကျေနပ်ရွှင်ပြုံးလျက်ရှိသည်။

"ဒီစာအုပ်က ဆရာ့အတွက် အသုံးဝင်ပါလိမ့်မယ် ဆရာ။ အရှေ့တိုင်းဂီတရဲ့ တစ်ခုနဲ့တစ်ခုဆက်စပ်နေပုံ၊ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် ဘယ်လိုကူးခတ်ပုံ၊ ရောထွေးပုံ အသေးစိတ်ပါတယ်။ ပြီးတော့လည်း အရှေ့တိုင်းလူမျိုးစု ဂီတအကြောင်းလည်း ပါတယ်။ မြန်မာပြည် ဂီတအကြောင်းတွေလည်း ပါတယ် ဆရာ။ တော်တော်လေးစုံပါတယ်"

ဟု 'မ' က ပြောလိုက်သည်။ ကိုဘခက်က စာအုပ်ကို အိတ်ထဲသို့ ပြန်ထည့်ရင်း 'မ' ကို ကျေးဇူးတင်သောမျက်လုံးများဖြင့် ကြည့်နေမိလေသည်။

"ကျွန်တော် ဒီစာအုပ်ကိုတွေ့ဖူးတယ်။ မဝယ်နိုင်လို့ အသာနေခဲ့ရတယ်။ နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးက အရင်းကျမ်းကိုဖတ်သလို ဒေါ်သိန်းဝင်းဆိုင်မှာ သွားပြီး လေးငါးဆယ်ရက်လောက် ဖတ်ဖူးတယ်။ ကျွန်တော် သိပ်ကြိုက်တာပေါ့။ ပိုက်ဆံကို ဆနေရလို့"

ကိုဘခက်သည် သူ့အဖြစ်ကို အမှန်အတိုင်းပြောလိုက်သောအခါ 'မ' မှာ အလိုလို ကရုဏာသက်မိသည်။

တကယ်ဆိုတော့ 'မ' သည် ကိုဘခက် အပေါ်တွင် ဆရာရင်းတစ်ယောက်အဖြစ်နှင့် ကြည်ညိုလေးစားမိသလောက် ချစ်သူတစ်ယောက်ကို ကြင်နာယုယလိုသည်။

သို့သော် ဘဝအခြေအနေက အဆင်မပြေသေး၍သာ ခပ်ရှောင်ရှောင် ဟန်ဆောင်၍နေရသည်။

အမှန်တော့ သူတို့အချစ်ရေးမှာ ခုလိုပုံအတိုင်းသာဆိုလျှင် ရင်လေးစရာပင် ကောင်းလှသည်။

"ကဲ ... ဆရာ ဘာစားမလဲ၊ ခေါက်ဆွဲဖြစ်ဖြစ် စားပါဦး။ ကြာဆံကြော်က အေးနေပြီ"

"ကျွန်တော် တော်ပါပြီ။ 'မ' သာ စားချင်တာမှာပါ"

'မ' က အသင့်ရောက်နေသော စားပွဲထိုးကို စားစရာများ ထပ်၍မှာလိုက်ပြန်သည်။

"ဒီမှာရှင့် ... ခရုခေါက်ဆွဲတစ်ပွဲပေးပါ။ ပြီးတော့ လိမ္မော်ရည်နှစ်ပုလင်းပေးပါ"

ကိုဘခက်သည် 'မ' စီစဉ်သည့်အတိုင်း ဘာမှမပြောတော့ချေ။

သည်လိုနေ့မျိုးတွင် 'မ' ၏ စေတနာကို ငြင်းဆန်ရန်လည်း မကောင်းမှန်းကို ကိုဘခက်က နားလည်ပြီးဖြစ်သည်။

"ကနေ့ 'မ' ပျော်ရမယ့်နေ့ပဲ ဆရာ။ သူများတွေဆို ပါတီတွေ ဘာတွေလုပ်ပြီး ပျော်ကြတယ်။ 'မ' မပျော်နိုင်ဘူးဆရာ။ ပိုပြီးရင်လေးလာတယ်။ နောင်နှစ်အောင် ပြီးရင် အိမ်က 'မ' ကို ဒီအတိုင်းထားမှာ မဟုတ်တော့ဘူး။ မင်္ဂလာဆောင်ဖို့ စီစဉ်မှာပဲ။ ဒီအတွင်း မော်ကသာ မေမေ့ကို တိုင်လိုက်ရင်တော့ မီးပွင့်မှာပဲ။ ခု မော်မတိုင်တာ အကြောင်းရှိတယ်။

'မ' ကို သူက နိုင်ကွက်ရှိတော့ ညဆိုရင် ပြန်ချင်တဲ့အချိန်ကျမှ ပြန်တယ်။ ခါတိုင်းလိုဆိုရင် 'မ' သူ့ကို အမြဲတမ်းဆုံးမတယ်။ ပြောမရရင် မေမေ့ကို တိုင်လို့ရတယ်။ ခုတော့ မော်က 'မ' ကို နိုင်ကွက်ရှိနေတော့ သူထင်သလိုရှိနေတယ်။ အချိန်မရှိမှ ပြန်လာတယ်။ 'မ' က တံခါးဖွင့်ပေးရတယ်။ မေမေတို့မသိအောင် ဖုံးဖိနေရတယ်။ 'မ' ဒါလည်း စိတ်မချမ်းသာဘူး။ ကိုယ့်ညီမတစ်ယောက် စည်းမဲ့ကမ်းမဲ့ဖြစ်နေတာကို 'မ' မကြည့်ရက်ဘူး။ မကြည့်ရက်ပေမယ့် ပြောလည်းမပြောရက်ဘူး။ ဆရာ စဉ်းစားကြည့်၊ 'မ' အဖြစ်ဟာ ဘယ်လောက်ဆိုးလဲ၊ အမြဲတမ်း စိတ်ဆင်းရဲနေရတာ"

ကိုဘခက်သည် သက်ပြင်းကိုသာ မှုတ်ထုတ်လိုက်သည်။ 'မ' ၏ သနားစရာအဖြစ်ကို သိရသောအခါ ပို၍နာကြည်းမိသည်။

"ဒါတွေဟာ ကျွန်တော့်ကြောင့်ဖြစ်ရတာပဲ။ 'မ' ကို ကျွန်တော် စိတ်ဆင်းရဲအောင်လုပ်သလို ဖြစ်နေပြီ။ 'မ' ခုလို စိတ်ဆင်းရဲနေရသလို ကျွန်တော်လည်း စိတ်ဆင်းရဲနေရပါတယ်။ လမ်းကိုရှာတော့ တစ်နည်းပဲရှိတယ်။ ကျွန်တော်နဲ့ 'မ' နဲ့ ခွဲကြမှပဲ ပြေလည်မှာပဲ။ 'မ' တို့အိမ်မှာ ကျွန်တော်ရှိနေသရွေ့ဟာ ဒီပြဿနာက ဒီလိုပဲဖြစ်နေမှာပဲ"

"'မ' အတွက် အရေးမကြီးပါဘူး ဆရာ။ 'မ' ကျိတ်ပြီးခံနိုင်ပါတယ်။ ဒါပေမဲ့ မော့်အတွက် 'မ' ပိုပြီး ရင်လေးတယ်။ မော်ဟာ ဒီအတိုင်းဆိုရင် ဒုက္ခတွေ့လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် မော့်ကိုတော့ နားဝင်အောင်ပြောပြမယ်လို့ 'မ' စိတ်ကူးထားတယ်။ ဒါပေမဲ့ ပြောချိန်ကိုမရဘူး။ စာမေးပွဲပြီးကတည်းက အိမ်ကိုမကပ်ဘူး။ ညဥ့်နက်မှချည်း ပြန်လာတယ်။ ပြီးတော့ တွဲတဲ့အသိုင်းအဝိုင်းက နည်းနည်းမှ စိတ်ချယုံကြည်ဖို့မကောင်းတဲ့အသိုင်းအဝိုင်း။ ဒီကလေး ခုလိုဖြစ်နေတာကို နည်းနည်းမှ မကြည့်ရက်ဘူး"

'မ' သည် ညီမငယ်အတွက် စိုးရိမ်ပူပန်ဟန်ဖြင့် ညည်းလိုက်ရှာ၏။ 'မ' အတွက် ကိုဘခက်မှာ အနေရခက်နေသည်။ မည်သို့ပင်ဖြစ်စေ ကိုယ့်အတွက် ခုလိုဖြစ်ရမည်ဟု စိတ်ကစွဲနေသောကြောင့်လည်း အနေရခက်သလို ရှိတော့သည်။

ဤသည်ကို 'မ' က ရိပ်မိပုံရသည်။ ချက်ချင်းပင် စကားလွှဲပစ်လိုက်ပြန်သည်။

"ကဲပါ...ဆရာ၊ စိတ်ညစ်စရာတွေ မပြောတော့ပါ ဘူး။ ဆရာ့ကိုခေါ်ပြီး စိတ်ညစ်အောင်လုပ်သလို ဖြစ်နေပြီ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မြဝတီမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၁၃၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျင်းပ

မြဝတီ နိုဝင်ဘာ ၃

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၁၃၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မြဝတီခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြဝတီမြို့ရှိ မဟာဗျူဟာတပ်ဦး ရန်အောင်မြင်စေတီ ဘက်စုံပြုပြင်မွမ်းမံရန် ငွေကျပ်သိန်း ၃၀ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ယနေ့ နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဟာဗျူဟာတပ်ဦး ရန်အောင်မြင်စေတီ ဘက်စုံပြုပြင်မွမ်းမံရန်အတွက် လှူဒါန်းငွေကျပ် သိန်း ၃၀ ကို သက်န်းညီနောင်အခြေချ(စစ်ဗျူဟာ)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းနေလွင်ထံသို့ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့်တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက အဆိုပါ မဟာဗျူဟာတပ်ဦး ရန်အောင်မြင်စေတီတော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် သက်န်းညီနောင်



စစ်ဆေးရုံရှိ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ထောက်ပံ့ငွေနှင့် စားစရာများ ထောက်ပံ့လှူဒါန်းပြီး ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် သက်န်းညီနောင်ကျေးရွာရှိ အေးစေတီတောင်ပေါ်ကျောင်း စာသင်တိုက်တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ထိန်လင်းအောင်(ပြန်/ဆက်)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ (၁၅-၁၀-၂၀၂၂)ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ခေါ်ယူထားသည့် အငယ်တန်းအင်ဂျင်နီယာ(၃)(မြို့ပြ)၊ အငယ်တန်းစာရေး၊ ဒုတိယလက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူး၊ စာရင်းကိုင်(၄)နှင့် အငယ်တန်းအင်ဂျင်နီယာ(၄)(မြို့ပြ) ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေ စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက် - ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၉) ရက် (စနေနေ့)

(ခ) ဖြေဆိုရမည့်ဘာသာရပ်များ - နံနက် (၉:၀၀) နာရီမှ (၁၂:၀၀)နာရီထိ၊ (၃)နာရီ
မြန်မာစာ+အင်္ဂလိပ်စာ
နေ့လယ် (၁၃:၀၀) နာရီမှ (၁၅:၀၀) နာရီထိ၊ (၂) နာရီ
အထွေထွေဗဟုသုတ/ကျွမ်းကျင်မှုဆိုင်ရာဘာသာရပ်

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၄-၁၁-၂၀၂၂)ရက်နေ့မှစ၍ သက်ဆိုင်ရာရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာနတည်ရှိရာကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများတွင် ရုံးချိန်အတွင်းထုတ်ပေးမည်ဖြစ်ပြီး ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာမေးပွဲကျင်းပပြုလုပ်မည့် စာစစ်ဌာနများနှင့် တည်နေရာအား သက်ဆိုင်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

၃။ စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူများသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက် နံနက်(၈:၃၀)နာရီ အရောက် ဖြေဆိုရမည့်စာစစ်ဌာနများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဖြေဆိုခွင့်ကတ်ပြားနှင့်အတူ လာရောက်သတင်းပို့ရန်၊ စာမေးပွဲခန်းမအတွင်းသို့ အချိန်နောက်ကျရောက်ရှိလာသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။


# သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ မိုဘိုင်းဖုန်းဖြင့် ရုပ်သံ ရိုက်ကူး၊ တည်းဖြတ်ခြင်းသင်တန်း ဖွင့်လှစ်

သထုံ နိုဝင်ဘာ ၃

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား မိုဘိုင်းဖုန်းဖြင့် ရုပ်သံ ရိုက်ကူး၊ တည်းဖြတ်ခြင်း သင်တန်းကို ယမန်နေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့




စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဌာနဝန်ထမ်းများအနေဖြင့် အရည်အသွေးပြည့်ဝသည့် သတင်းရုပ်သံများ၊ ရုပ်သံမှတ်တမ်းများကို ရိုက်ကူးပေးပို့နိုင်စေရန် ရည်ရွယ်ကာ သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် တက်ရောက်သင်ကြားပြီးခဲ့သည့် ဝန်ထမ်းများက မိုဘိုင်းဖုန်းဖြင့် ရုပ်သံများရိုက်ကူးရာ၌ လိုအပ်သည်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ၊ ရိုက်ကူးထားသည့်ရုပ်သံများအား မိုဘိုင်းဖုန်း၌ Kine Master နှင့် အခြား application များ အသုံးပြု၍ အရုပ်များနှင့် အသံများ စနစ်တကျ ထည့်သွင်းခြင်း၊ ပြည်သူများစိတ်ဝင်စားအောင် တည်းဖြတ်ခြင်း၊ တည်းဖြတ်ပြီးသည့်ရုပ်သံအား ထုတ်လုပ်သိမ်းဆည်းခြင်းနှင့် ပေးပို့ခြင်း စသည်တို့ကို ပြန်လည်ဆင့်ပွားကာ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သထုံခရိုင်အတွင်းရှိ သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်း စုစုပေါင်း ၁၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**


**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(၃)၊ ငထွေရှူးလမ်း၊ ဒေါ်ခင်စန်းကြည် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်၊ (၂၀ ၁/၂'x၆၀') အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကတ(နိုင်)၀၁၇၆၇၁]မှ အရှုပ်အရှင်းမရှိပိုင်ဆိုင်ကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေအားရောင်းချရာ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၄၃၁၆၀၄၈၀**



**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ်-၈၅၃၊ ထိပ်တင်မှတ် (၂) လမ်း၊ (၁)ရပ်ကွက်၊ ဦးမြဟန် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် ပေ(၂၀x၆၀) အကျယ်ရှိ မြေကွက်နှင့်အိမ် အဆောက်အဦတို့ကို အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ထွေး [၁၂/ဗဟန(နိုင်)၀၆၄၁၇၃]မှ အရှုပ်အရှင်းမရှိ ပိုင်ဆိုင်ကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရာ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်အဆောက်အဦတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများ တင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၁၆၀၄၈၀**


# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၅ -၁၁ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၅) တွင် ငွေကို သုံးသင့်သည်ကိုပဲသုံးပြီး စုသင့်သည်ကို စုရမည်ဖြစ်ကာ အသုံးနှင့်အဖြုန်းအကြောင်း နားလည်သွားသည့် နီတာ၏သူငယ်ချင်းများအကြောင်း ရေးဖွဲ့ထားသည့် "အသုံးနှင့်အဖြုန်း"မျက်နှာဖုံးကာတွန်း၊ လူတို့၏ ဦးနှောက်ရှိ မှတ်ဉာဏ်၏ အလုပ်လုပ်ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မှတ်ဉာဏ်"သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ သူစိမ်း




တစ်ယောက်ကို ဦးလေးဟုထင်မှတ်ကာ အိမ်ထဲခေါ်မိရာက ဒုက္ခရောက်သွားသော ကိုစည့်အဖြစ်ကို ရေးဖွဲ့ထားသည့် "ကိုစည်နှင့်မုန့်ဖိုးမက်လို့" နှစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ အဆာပြေစာအတွက်ပါ စားနိုင်သည့် မုန့်ပဲသရေစာ အမျိုးမျိုးအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် " မြန်မာတို့၏ မုန့်ပဲသရေစာ" ဝတ္ထုကဏ္ဍ၊ မိုးပျံပူဖောင်းများစွာကို စနစ်တကျမကိုင်တတ်ခြင်းကြောင့် လူပါမိုးပျံပူဖောင်းနှင့်အတူ ပါသွားသည်ကို သရုပ်ဖော်ထားသည့် "ရွှေချည်ဇာနှင့်သူ့မောင်" တစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ တန်ဆောင်တိုင် အချိန်အခါသမယတွင် ပြုလုပ်ကျင်းပလေ့ရှိသော ရိုးရာဓလေ့များအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင်(မောင်တော)၏ "တန်ဆောင်တိုင်ည" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**


○ **MNL မှ**

ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဖြစ်ရန် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို ယခုပွဲတွင် ရယူနိုင်ခဲ့ပြီး လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို သုံးရာသီဆက်တိုက် ရယူနိုင်ခဲ့ပြီး MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုကို သုံးရာသီဆက်တိုက်ရယူနိုင်သည့် ဒုတိယမြောက်အသင်းဖြစ်လာခဲ့သည်။ ဒုတိယအကျော့တွင် နိုင်ပွဲဆက်နေသည့် ဟံသာဝတီအသင်းသည် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရပြီး ဒုတိယနေရာအတွက် အနည်းငယ်ဖိအားဝင်သွားခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၁၆ ပွဲကစားရမှတ် ၄၂ မှတ်ဖြင့် လက်ကျန်နှစ်ပွဲအလိုတွင် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းကို ခုနစ်မှတ်အသာရထားသဖြင့် ချန်ပီယံဆုကို စောစီးစွာရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက် ရယူနိုင်ခြင်းဖြစ်ပြီး နောက်ဆုံးငါးရာသီအတွင်း ယင်းချန်ပီယံဆုကို လေးကြိမ်စလုံးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အမှတ်ပေးချန်ပီယံဆုကို ၂၀၁၉ ရာသီကဲ့သို့ ရှုံးပွဲမရှိစံချိန်ဖြင့် ဒုတိယအကြိမ် ရယူနိုင်ရန် အခြေအနေကောင်းနေပြီး လက်ကျန်နှစ်ပွဲတွင် ရှုံးပွဲမရှိအောင် ကစားနိုင်ရုံဖြင့် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုရရှိမည်ဖြစ်သည်။

သုံးရာသီဆက် MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဒုဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက "ဒီနေ့ပွဲမှာ အနိုင်ရပြီး ပြိုင်ပွဲမတိုင်ခင်မှာ ချန်ပီယံဆုကို စောစီးစွာရယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ နောက်ဆုံးငါးရာသီမှာ လေးကြိမ်မြောက်နဲ့ သုံးရာသီဆက်တိုက် ချန်ပီယံဆုရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အခုလိုအောင်မြင်တာက အသင်းလိုက်စုစည်းမှု၊ ကြိုးစားအားထုတ်မှုတွေကြောင့်ဖြစ်ပြီး ရာသီဝက်မှာ လိုအပ်တဲ့နေရာတွေကို အင်အားဖြည့်တင်းနိုင်တာကြောင့်လည်း ကစားသမားအင်အား ပိုမိုတောင့်တင်းပြီး အောင်မြင်လာတာဖြစ်ပါတယ်။ ချန်ပီယံဖြစ်ခဲ့ပေမယ့် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်အားလုံးမပြည့်စုံသေးပါဘူး။ရှုံးပွဲမရှိစံချိန်နဲ့ ရွှေဖလားရယူနိုင်ဖို့ လက်ကျန်နှစ်ပွဲမှာ ရလဒ်ကောင်းရယူနိုင်အောင် ကြိုးစားမှာပါ။ လာမယ့်ရာသီမှာ ရှမ်းပြည်နယ်က ပရိသတ်တွေအတွက် အိမ်ကွင်းလက်ခံကစားနိုင်အောင်လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။ လာမယ့်နှစ်မှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားတဲ့ AFC Cup ပြိုင်ပွဲမှာလည်း အောင်မြင်မှုရဖို့ လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## NOTICE
**In the matter of the Myanmar Companies Law and HONG KONG DRAGON AIRLINES LIMITED (BRANCH OFFICE) (In Voluntary Liquidation)**

In pursuant of Section 55 of Myanmar Companies Law, I hereby given notice that HONG KONG DRAGON AIRLINES LIMITED (BRANCH OFFICE) in liquidation since 10th December 2021, will finally wind up its affairs in Myanmar on 4th November 2022.

No claim or claims whatsoever against the Company will be entertained after 4th November 2022.

U Papo Ganesan
[B.A. (English), R. L.],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd.
Liquidator

Building No. C 1, Room No. 005,
Ground Floor, Hninnsi Street,
Yuzana Highway complex,
Kamayut Township,
Yangon,
Myanmar

## NOTICE OF FINAL MEETING
**In the matter of the Myanmar Companies Law and ST ENGINEERING (MYANMAR) CO., LTD. (In Voluntary Liquidation) [ Notice under Section 357 A ]**

Notice is hereby given that the Final General Meeting of the Contributories under Section 357 A will be held at Room (14), Building F1, Thiri Yadanar Wholesale Market, North Okkalapa Township, Yangon Region, Myanmar on 5th December 2022 at 10:00 a.m. for the purpose of laying before it an account of the winding up.

U Papo Ganesan
[B.A. (English), R. L.],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd.
Liquidator

Building No. C 1,
Room No. 005,
Ground Floor,
Hninnsi Street,
Yuzana Highway complex,
Kamayut Township,
Yangon, Myanmar

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြာအင်းကျေးရွာ၊ ကွင်းအမှတ်(၁၃၃)၊ ကွင်းအမည်-ကြာအင်းမြောက်၊ ဦးပိုင်အမှတ်(၂၁)၊ မြေအမျိုးအစား(၆)၊ အကျယ်အဝန်း (၂.၇၈) ဧကရှိမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးပြားအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားသော ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းငွေ [၁၂/ထတပ(နိုင်) ဝ၇၁၃၄၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးအင်ကြင်း [၁၂/စခန(နိုင်) ဝ၆၂၄၈၇] က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးအင်ကြင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**အဓိပတိ Law Firm**

**ဦးမောင်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၈၆၈)**
**ဒေါ်အိဖြူဇင်ခိုင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၉၃၆)**
**အမှတ်(၁ဝ၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉- ၄၅၃၃ဝ၇၁၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ် (၅. D၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၅၂ - ဃ)၊ ဧရိယာ(ဝ.ဝ၃၁) ဧကရှိမြေအား မအူပင်မြို့၊ (၄) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂၇)နေ ဒေါ်ကြူကြူအေး [၁၂/စခန(နိုင်)ဝ၂၄၄၈၁]မှ မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေငှားဂရန်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုးထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ည၊ မြေကွက်အမှတ်-၃၊ (ဝ.ဝ၄၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၃)၊ သုခမ္မာလမ်း၊ (ည) ရပ်ကွက်၊ ဦးစိုးညွန့် (AA- ဝ၆၂၆ဝ၉) အမည်ပေါက် နှစ်(၆ဝ)ဂရန်မြေအား အမည်ပေါက် ဦးစိုးညွန့် (ဖခင်)သည် (၆-၃-၁၆)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်လှသိန်း (မိခင်)သည် (၂ဝ-၃-၉၂)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြောင်း၊ မကွယ်လွန်မီ သား/သမီးများဖြစ်သော ဦးသိန်းထွန်း၊ ဦးမြင့်ဟန်၊ ဦးမြင့်သိန်း၊ ဦးခင်ဇော်၊ ဦးဝင်းတင် နှင့် ဦးကျော်ကျော်တို့ မွေးဖွားခဲ့ကြောင်း၊ ဦးသိန်းထွန်းသည် (၁ဝ-၅-၁၇)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်ကျိုင်သည် (၄-၈-၂၁)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ရာ ဒေါ်အေးအေးမိုးတစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်း၊ သားတစ်ဦးဖြစ်သူ ဦးမြင့်ဟန်သည် (၂၃-၁၁-၉၇) ရက်နေ့တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်အေးအေးသန်းသည် (၂၄-၁ဝ-၁၇)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်ခဲ့ရာ ဒေါ်အိအိခိုင်တစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်း၊ အမှတ်စဉ်(၄) သားဖြစ်သူ ဦးခင်ဇော်သည် (၂၉-၇-၂၁)ရက်နေ့တွင်ကွယ်လွန်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်ထွေးရီ ကျန်ရှိကြောင်း၊ အမှတ်စဉ်(၆)သားဖြစ်သူ ဦးကျော်ကျော်သည် (၁၄-၁ဝ-၉၇)ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်အေးအေးမူကျန်ရှိကြောင်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ မရွှေ့မပြောင်းနိုင်သော အထက်ဖော်ပြပါပစ္စည်းအား ၎င်းတို့ကသာ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ (၁)ဦးမြင့်သိန်း [၁၂/ဥကမ (နိုင်)ဝ၈ဝ၇၅၁]၊ (၂)ဦးဝင်းတင် [၁၂/ဥကမ(နိုင်)၁၆၃၄၉၇]၊ (၃)ဒေါ်အေးအေးမိုး [၁၂/တမန(နိုင်) ဝ၁၂၉၂၂]၊ (၄)ဒေါ်အိအိခိုင် [၁၂/ဥကမ(နိုင်)၂၁ဝ၂၇၉]၊ (၅) ဒေါ်ထွေးရီ [၁၂/ဥကမ(နိုင်)ဝ၅၇၉၅၉]၊ (၆)ဒေါ်အေးအေးမူ [၁၄/မအပ(နိုင်)ဝ၁၈ဝ၇၉] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/ချွေးမ၊ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၁၁/၂၇၂၉/ ၂၄- ၁၁-၂၁)၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ အမည်ပေါက်ဂရန်မူရင်းတင်ပြ၍ ဦးမြင့်သိန်း+၅ ထံမှ GP No. (၆၇၂၃/၂၁) နှင့် (၆၇၂၄/၂၁) တို့ဖြင့်ရရှိသူ ဦးအောင်မြတ်ကို [၁၂/ဥကမ(နိုင်)၁၇၇၂၉၇]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ ဓမ္မစေတီရပ်ကွက်၊ ဘုရားဝင်းနေ မော်လမြိုင်တက္ကသိုလ်၊ ရူပဗေဒအထူးပြု ဘာသာရပ် နောက်ဆုံးနှစ် အောင်မြင်ထားသော မသိဂီဝင်း [၁ဝ/သဖရ(နိုင်) ၁၇၄၆၃ဝ]၏ ဖခင်အမည်မှာ ဦးသန်းဦးနိုင်(ခ) ဦးသန်းနိုင်ဦး [၁၂/မရက(နိုင်)ဝ၁၆၁၁၂] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းဦးနိုင် (ခ) ဦးသန်းနိုင်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၁၇၆၊ မြေကွက်တည်နေရာအမှတ်-၁၇၆၊ ကျောက်စိမ်း(၄)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသိန်းလွင် C/RGN-ဝဝ၇ဝ၅၅ အမည်ပေါက် နှစ်(၆ဝ) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမရုံး ၂ဝ၂၂ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁ ဖြင့် ဦးရန်ကျော်မိုး (၎င်း၏အခွင့်ရ ကိုယ်စားလှယ်စာရသူ ဒေါ်အေးဖြူလှိုင်)၊ တရားလိုပြု၍ ဦးသိန်းလွင် အပေါ် တရားပြိုင်ထားကာ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆိုခဲ့ရာ စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ် သည့် ၁၄-၃-၂ဝ၂၂ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားရုံး၊ တရားမ ဇာရီမှုအမှတ် - ၃ဝ/၂ဝ၂၂ ၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူနိုင်ရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာ နှစ်(၆ဝ) မြေငှားစာချုပ် (ဂရန်) တရားရုံးအမိန့်တို့ တင်ပြ၍ ဘီလစ် စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး တင်ပြ၍ လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီသုဉ်း၏**

## "အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(၁၆)ရပ်ကွက်၊ ပါရမီကွန်ဒိုတိုက် (၁၂+၁) ၊အခန်း(၁၂ဝ၁)နေ **ဒေါ်ဖြူဖြူမြင့်နိုင် (၁ဝ/သထန(နိုင်)၁၄၂၈၈၀)** သည် အောက်ပါအတိုင်းကြေငြာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊သံလျင်မြို့နယ်၊ကြယ်စင်မြို့တော်အိမ်ရာ၊တိုက်(A/3) အခန်း(၁၂၁၇)၊(12 Floor+Ph) ဟုခေါ်တွင်သောကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့်စာရွက်စာတမ်းမူရင်းများသည်ပျောက်ဆုံးပျက်စီးသွားခဲ့ပါသည်။ထို့ကြောင့်အထက်ပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနတို့တွင်BCC,Certificate Of Complection and Occupancy နှင့်ကြယ်စင်မြို့တော်အိမ်ယာစီမံကိန်းတိုက်ခန်းအရောင်းအဝယ်စာချုပ်နောက်ဆက်တွဲများအား အသစ်ပြန်လည်လျှောက်ထားခြင်း၊အမည်ပေါက်လျှောက်ထားခြင်း ကိစ္စများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ကန့်ကွက်လိုသူများသည်ကျွန်ုပ်ထံသို့ (၇)ရက်အတွင်းမူရင်းစာရွက်စာတမ်းများနှင့်အတူလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဆက်သွယ်ရန် - လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးငြိမ်းနိုင် (LLB,LLM,DIPL) ( 09-256113342,09-450038289 )
အထက်တန်းရှေ့နေ
စဉ်-၄၆၃၇ဝ (၃ဝ-၇-၂ဝ၁၅)
New Life Myanmar အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
တိုက်(K),အခန်း(၅)၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂ဝ)
## ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌
## ၂ဝ၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ဝ

ဒေါ်မေဇူးကို နှင့် ဦးသူရဇော်လင်း
**တရားလို** **တရားပြိုင်**

မိတ္ထီလာမြို့နယ်၊ ဝန်ဇင်းရပ်ကွက်၊ ဇဋိလလမ်း၊ အိမ်အမှတ်-ဝ၉ (၁၄ဝဝ)နေ (ဘ) ဦးအောင်ဇေယျ၏ သားဖြစ်သူ ဦးသူရဇော်လင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မေဇူးကိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂ဝ၂၂ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်) နေ့မွန်းမတည့်မီ (၁ဝ)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂ဝ၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးသူရထွန်း)**
**တွံ့ဖက်မြို့နယ်တရားသူကြီး**
**ပျော်ဘွယ်မြို့နယ်တရားရုံး**

## "ဦးမာန်လျှင်တုန်း [၁၂/ဒဂမ(နိုင်)ဝ၁၈၆၁၂]နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ ဆောက်လုပ်ရေး (ရေသန့်ဝင်း)၊ အမှတ်(၂)နေဒေါ်တင်နန္ဒာမောင်[၁၂/ဒဂရနိုင်)ဝဝ၈၃ဝ၆] (ခေတ္တစင်ကာပူ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် -

၁။ ကျွန်ုပ်မိတ်ဆွေနှင့်လူကြီးမင်းဦးမာန်လျှင်တုန်းတို့မှာ(၄-၁-၂ဝ၁၉)ရက်နေ့တွင် ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၌ ဖွင့်လှစ်ထားသော Golden Inya Resturant တွင်မင်္ဂလာဆည့်ခံပွဲကျင်းပပြုလုပ်၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြကြောင်း ကျွန်ုပ်မိတ်ဆွေ၏ပြောကြားချက်အရ သိရှိရပါသည်။

၂။ ထိုသို့ မင်္ဂလာဆည့်ခံပွဲကျင်းပပြုလုပ်ပြီးနောက် (၂)ရက်ခန့်အကြာတွင် စင်ကာပူနိုင်ငံသို့ ဟန်းနီးမွန်းသွားခဲ့ပြီး ကျွန်ုပ်မိတ်ဆွေမှာ ၎င်းအလုပ်လုပ်ကိုင်ရာ စင်ကာပူနိုင်ငံ၌ပင် နေထိုင်ကျန်ရစ်ခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ပြောကြားချက်အရ သိရှိရပါသည်။

၃။ ထို့နောက်ပိုင်းတွင် ကျွန်ုပ်မိတ်ဆွေမှာ စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်ရာတွင်ရရှိလာသောငွေများဖြင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၂) ရပ်ကွက်၊ရွှေပြည်စိုးလမ်း၊အမှတ်(၈၅/၁)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ထပ်ခွဲ(၅)လွှာတိုက်၏ အပေါ်ဆုံးထပ်(ဒါဘာ) တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တန်ဖိုးငွေကျပ်သိန်း(၄၅ဝ)တိတိဖြင့်ဒေါ်တင်နန္ဒာမောင်၏မိခင်ဖြစ်သူဒေါ်အေးအေးထွန်းမှ အမည်ခံ၍ စရန်ပေးချေကာ ဝယ်ယူခဲ့သော်လည်း နောက်ပိုင်းတွင် ဦးမာန်လျှင်တုန်း အမည်ဖြင့် အပြီးသတ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ကြောင်းသိရှိရပါသည်။ (အဆိုပါတိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းနှင့် အဆက်အစပ်စာချုပ်များမှာ ဦးမာန်လျှင်တုန်း၏ လက်ဝယ်တွင်ရှိပါသည်။

၄။ သို့သော်လည်းလူကြီးမင်းဦးမာန်လျှင်တုန်းအနေဖြင့် ကျွန်ုပ်မိတ်ဆွေနှင့် လက်ထပ်ပေါင်းသင်းနေထိုင်စဉ် ကာလအတွင်း ကျွန်ုပ်မိတ်ဆွေအားငွေကြေးထောက်ပံ့ခြင်း၊ ကျွေးမွေးစောင့်ရှောက်ခြင်းတို့ပြုလုပ်ခြင်းမရှိသည့်အပြင် လူမှုရေးဖောက်ပြန်သည်ဟု အကြိမ်ကြိမ် မမှန်မကန် စွပ်စွဲပြောဆိုခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ကိုယ်စိတ်နှစ်ပါးဆင်းရဲမှုများ ကြုံတွေ့ခဲ့ရသောကြောင့် ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအား ဆက်လက်ပေါင်းသင်းလိုခြင်း မရှိတော့ပါ၍ တရားဝင်ကွာရှင်းပြတ်စဲပေးပါရန်နှင့် အထက်အပိုဒ်(၃)ဖော်ပြပါလင်မယား နှစ်ဦးပိုင်တိုက်ခန်းကို ခွဲဝေပေးအပ်ပါရန်နှင့် လူကြီးမင်းအပါအဝင်အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါတိုက်ခန်းကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် ဦးမာန်လျှင်တုန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်တင်နန္ဒာမောင်**
**[၁၂/ဒဂရ(နိုင်)ဝဝ၈၃ဝ၆]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၉၉၅၈)**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -ဝ၉-၄၂ဝဝ၉၄၇၄၊ ဝ၉-၇၉၉၉၂၉၆၉၅**

## "အများသိစေရန် အသိပေးကြော်ငြာခြင်း"

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၇၈၈၊ မြေကွက်တည်နေရာအမှတ်- ၇၈၈၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးဇင်ညွန့် [၁၂/ဒဂန(နိုင်)ဝ၁၂၃၃၇] အမည်ပေါက် နှစ်(၆ဝ) မြေငှားစာချုပ်(ဂရန်) မြေအား ဂရန်အမည်ပေါက် ဦးဇင်ညွန့်ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ဝင်းမာ [၁၂/ရကန(နိုင်) ဝ၂၆၄၉ဝ]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်- ၆၉၂၉/၂ဝ၁၉ (၁၉-၈-၂ဝ၁၉)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်း၏ နှစ်(၆ဝ) မြေငှားစာချုပ်(ဂရန်) မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် အမှုတွဲအမှတ်၊ ဒဂမ၊ ဂရန်မိတ္တူ- ၂ဝ၁၉ဝ၁၅၇၇၃/၁၉ (၆-၉-၁၉) ဖြင့် ဒေါ်ဝင်းမာ၏ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မူလဂရန်အမှုတွဲအမှတ်၊ ဒဂုံ/ ၃၂/ ၂၅၅/ ၉၄ အရ (၁၄-၇-၁၉၉၄) ရက်တွင် ကနဦးအမည်ပေါက် ဦးအုန်းကျွေ (ISN - ၅၃၆၈၅၉) အမည်ဖြင့် ထုတ်ပေးခဲ့ပြီး ၎င်းအမည်မှ ဒေါ်ခင်လှရီ [၁၂/ဥကတ(နိုင်) ဝဝ၆၃၂၁] အမည်သို့ ပြောင်းလဲခဲ့ကာ၊ ထို့နောက် ဦးဇင်ညွန့် [၁၂/ဒဂန(နိုင်) ဝ၁၂၃၃၇] အမည်သို့ ပြောင်းလဲမှတ်သားခဲ့သော မူလနှစ်(၆ဝ) မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အား ဤဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၁၇)လမ်း၊ အမှတ်(၅)နေ ဦးမောင်ချစ်(ဘ) ဦးဆန်နီ၊ [၁၂/မဂတ(နိုင်)၁၁၉၂၇၂])သည် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ထနီးလမ်း၊ အမှတ်(၄၂၁)နေ ဒေါ်ယဉ်ယဉ်နွဲ့ (ဘ) ဦးဘိုးရှိန် [၁၂/ရကန(နိုင်) ဝ၁ဝ၆၃၃])၏ တစ်ဦးတည်းပိုင်ဆိုင်ပြီး ၎င်း၏ခင်ပွန်း၊ သားသမီးများ ပိုင်ဆိုင်ခြင်းမရှိသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၁)၊ လေးလွှာ၊ အလယ်ခန်း(အလျား၁၅ပေ x အနံ ၇ဝပေ) ရေမီးအစုံ တိုက်ခန်းအား ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်ချစ်(09-43036353)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းရွှေဇင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၉၁၆၈/၂ဝ၁၃)**
**အမှတ်(၂၂)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-254897472**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၆၁၂)၊ ပင်းယလမ်း၊ အကျယ်အဝန်း (အလျား ၄ဝပေ x အနံ ၆ဝပေ) ရှိ ဒေါ်ခင်သန်းထွေး ပါမစ်အမည်ပေါက်လျက်ရှိသည့်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်းထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူခဲ့ပြီး ရောင်းဖိုးငွေများအားလုံးပေးချေပြီး၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူသူ အမည်ပေါက်ရေးဆောင်ရွက်နိုင်ရန် (ဂရန်သစ်) လျှောက်ထားမည်ဖြစ်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက (ဂရန်သစ်) ပြုလုပ်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနန်းဝင်း[၁၄/ဒဒရ(နိုင်) ၁၁ဝ၃၆ဝ] ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသကြိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၅၄၄)**
**အမှတ်-၁၂ဝ(က)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉- ၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၅၇) ဟု ခေါ်တွင်သော မြေညီမှစတင်ရေတွက်လျှင် (၅)လွှာ၊ တိုက်အောက်မှကြည့်လျှင်ဘယ်ခန်း၊ အကျယ်အဝန်း (၁၇ ပေ x ၆ဝ ပေ)ခန့်ရှိ တိုက်ခန်းကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းအေး [၁၂/ကတတ (နိုင်) ဝ၂၈၆၂၉]က အဆိုပါတိုက်ခန်းကို ပြန်လည်ရောင်းချမည်ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးညီညီအောင်**
**LL.B, DL.101 WIPO (Switzerland),**
**Diploma in Software Engineering,**
**Diploma in English**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၃၇၁)**
**အမှတ် (၃၆)၊ ၃-လွှာ၊ ၈၈-လမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -ဝ၉-၇၃၁၆ဝ၁၈၆၊ ဝ၉-၇၇၈၉၂ဝ၃၂ဝ**

## ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၃၆)၊ နှစ်(၆ဝ) မြေငှားဂရန်မြေအမည်ပေါက် ဦးတင်ငွေ၏ အလျား(၆ဝ ပေ x အနံ ၂ဝပေ) ခေါင်းရင်းခြမ်းနှင့် ယင်းမြေပေါ်ရှိ အမှတ်(၇၃)၊ အောင်ရတနာလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ရန်ကုန်မြို့ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ဖော်ပြပါနှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၏ မူလအမည်ပေါက်မှာ ဦးတင်ငွေ AC-ဝ၂၅ဝဝ၆ ဖြစ်ပြီး အရပ်ကတိစာချုပ်အဆက်ဆက်တို့အရ ဒေါ်စိုးသန္တာအေး [၁၂/အစန(နိုင်) ဝ၆၅၅၇၄]က အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် မြေကွက်၊ အဆောက်အဦအကျိုးခံစားခွင့်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်း(ဝါးခယ်မ)(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈ဝ၂ဝ/၂ဝ၁၁)**
**အမှတ်-၂၃(က)၊ ဘုရင့်နောင်လမ်းမ(ကန်ရှေ့)၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉-၄၂ဝ၁၁၈၃၂၆၊ ဝ၉-၂၅၄၄၇၁၁၇၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှု မရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေ ရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးလွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

# စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ၁၂ မျိုး ချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်များကို စိန်ရတုလွတ်လပ်ရေးနေ့နှင့် ၄င်းနေ့မတိုင်မီ နေ့ကြီးရက်ကြီးများတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ချီးမြှင့်မည်

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## MNL အမှတ်ပေးချန်ပီယံဆုကို ရှမ်းယူနိုက်တက်အသင်း သုံးရာသီဆက်တိုက်ရရှိ

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၃ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးချန်ပီယံဆုကို သုံးရာသီဆက်တိုက် ရယူနိုင်ခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ❍



ရှမ်းယူနိုက်တက်အသင်း အောင်ပွဲခံနေစဉ်။

### ယနေ့ ဖတ်စရာ

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်နှင့် ရွှေဆိုင်များအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ရန်ကုန်တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပြည်သူ့ရင်ပြင်၌ ပြုလုပ်မည်**

စာမျက်နှာ » ၁၉